ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (24-10-2011) (၆၉၂၂)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပခုက္ကူခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆောက်လုပ်ရေးပစ္စည်းနှင့် စားသောက်ကုန်အတွက် လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ လက်ခံစဉ်။ (သတင်းစဉ်)

# သဘာဝဘေးအန္တရာယ်ကို မတားဆီးနိုင်သော်လည်း ဘေးအန္တရာယ်ကျရောက်မှုနည်းပါးအောင် ကြိုတင်ကာကွယ်နိုင်သည်များကို လုပ်ဆောင်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးသွားနိုင်

## ပြန်လည်ထူထောင်ရေးအတွက် မိမိတတ်စွမ်းသမျှ ကြိုးစားသွားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ကူညီထောက်ပံ့မှုများ အတတ်နိုင်ဆုံး ပြုလုပ်ပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ သို့❖



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပခုက္ကူခရိုင် ရေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၄-၁၀-၂၀၁၁
(တနင်္လာနေ့)

# ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်

ကျန်းမာရေးမဏ္ဍိုင် တောင့်တင်းခိုင်မာရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး အသက်ရှည်ကျန်းမာစေရေး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေသည်။ မြို့ပြကျေးလက်ဒေသအနှံ့ ကျန်းမာရေးအသိပညာပေးမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေး ကြိုးပမ်းရာတွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သည်။ အမျိုးသမီးများ ကျန်းမာဖွံ့ဖြိုးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ မိခင်တိုင်း ကျန်းမာသန်စွမ်း၍ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခြင်းဖြင့် အနာဂတ်အတွက် ကျန်းမာသောမျိုးဆက်သစ်ကလေးများ မွေးဖွားပေးနိုင်မည်ဖြစ်သည်။

မိခင်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ကောင်းမွန်စွာ မွေးဖွားခြင်း၊ သားဆက်ခြားခြင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ကူးစက်တတ်သောရောဂါများအကြောင်း အသိပညာပေးခြင်းတို့ ပါဝင်သည်။ ကိုယ်ဝန်ဆောင်မိခင်တိုင်းက သိရှိဆောင်ရွက်သင့်သည်များကို ကြိုတင်စီစဉ်ထားရှိကြရပေမည်။

အမျိုးသမီးများ ကိုယ်ဝန်ရှိလာလျှင် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကိုယ်ဝန်အပ်နှံခြင်းသည် အရေးကြီးဆုံးဖြစ်သည်။ ကျန်းမာရေးဝန်ထမ်း၊ သားဖွားဆရာမတို့ထံ ကိုယ်ဝန်သုံးလ၊ ခြောက်လ၊ ခုနစ်လခွဲ၊ ရှစ်လခွဲနှင့် ကိုးလတို့တွင် ပြသစစ်ဆေးမှုခံယူရပေမည်။ မိခင်သွေးဆင်းခြင်း၊ ခြေလက်မျက်နှာ ဖောရောင်ခြင်း၊ တက်ခြင်း၊ အလွန်အမင်းအော့အန်ခြင်း၊ ကလေးတိုးနေရာမှ မတိုးဘဲ ရပ်သွားခြင်းတို့ဖြစ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းသွားရောက်ပြသ ကုသမှုခံယူကြရမည်ဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း ရရှိပြီးသည့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဆရာမများဖြင့် မွေးဖွားရေး ကြိုးပမ်းကြရပေမည်။ ထို့အတူ မွေးကင်းစကလေးကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ သိရှိလေ့လာထားရန်လည်း လိုအပ်သည်။

မိခင်ကျန်းမာရေးကောင်းမှ ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်ထက်မြက်သည့် သားသမီးများ မွေးဖွားနိုင်မည်။ ကိုယ်ဝန်ဆောင်မိခင်တိုင်းက ကျန်းမာရေးအသိပညာများ လေ့လာမှတ်သား ဂရုပြုနေထိုင်ကြရပေမည်။ ကျန်းမာရေးဝန်ထမ်းများ၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စေတနာ၊ မေတ္တာ၊ အတွေ့အကြုံတို့ ပေါင်းစပ်၍ ကိုယ်ဝန်ဆောင်မိခင်များ ရာနှုန်းပြည့် မွေးဖွားနိုင်ရေး၊ မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု ကွန်ရက်ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၃

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကာ မြို့နယ်ရဲစခန်းကို စစ်ဆေးပြီး မိသားစုများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကိုကိုးကျွန်းမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် မြို့ကွက်သစ် လမ်းအူကြောင်း ဖော်ထုတ်မှု၊ မြို့နယ်မီးသတ်စခန်း၊ မြို့နယ်ဘောလုံးအားကစားကွင်း တည်ဆောက်ထားရှိမှု၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် CDMA 450 မီဂါဟတ် Station၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ရန်ကုန်မြို့မှ လိုက်ပါလာသော အထူးကုဆရာဝန်များက လူနာများအား ဆေးဝါးကုသနေမှုများကို ကြည့်ရှုအားပေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းများနှင့် စားစရာများပေးအပ်၍ ကျောင်းအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို ပေးအပ်သည်။

ဆက်လက်၍ ကိုကိုးကျွန်းမြို့နယ် ပျိုးဥယျာဉ်၌ သစ်ကနက်၊ သစ်နီနှင့် ပင်လယ်ကဗွီး၊ ကျွန်းပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ စုစုပေါင်းအင်အား ၁၂၀ တို့နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပေးအပ်သော ကွန်ပျူတာတစ်စုံကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းထံ ပေးအပ်သည်။

ဆက်လက်၍ လိုက်ပါလာသောအဖွဲ့ဝင်များက ဗလာစာအုပ်၊ တက္ကသိုလ်ဝင် အထူးထုတ်စာအုပ်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ကုန်များ၊ စာအုပ်စာစောင်များ၊ ကွန်ပျူတာနှစ်စုံ၊ ဂြိုဟ်တုရုပ်သံဖမ်းစက်တစ်စုံ၊ အနိမ့်တင်ရေစုပ်စက်တစ်လုံးတို့ကို စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်သူရသက်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော စာရေးကိရိယာများနှင့် စားစရာများအား ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက လက်ခံသည်။

ထိုမှတစ်ဆင့် ညနေပိုင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့်နေမှု၊ ကိုကိုးကျွန်းတစ်မြို့နယ်လုံး SKY NET ရုပ်မြင်သံကြားလိုင်းများ ကြည့်ရှုနိုင်ရေးအတွက် စက်တပ်ဆင်ရန် လိုအပ်ငွေကျပ် ၁၂၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်သူများ အပန်းဖြေစေရေးအတွက် ဖျော်ဖြေမှုပေးရန် လိုက်ပါလာသော ရှုမဝအငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပေ (၃၀ × ၂၅ ×၂၁) ပေရှိ ရေစစ်ကန် တည်ဆောက်နိုင်ရေးအတွက် ရွေးချယ်ထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထက(၂)ဗိုလ်တထောင် မြတ်ဆရာပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

အထက(၂)ဗိုလ်တထောင် (St.Philip's) တွင် ၁၉၄၅ မှ ၂၀၀၉ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ အလှူငွေများ ထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ(ငြိမ်း)ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဒေါက်တာထွန်းမြင့် ဖုန်း-၀၉-၅၀၁၈၇၄၃၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀၄၇၄၄၂၊ ဦးထွန်းဇော် ဖုန်း-၀၉-၅၁၄၄၈၅၀၊ ဒေါက်တာဝင်းထွန်းဦး ဖုန်း-၀၉-၇၃၀၂၄၉၂၆၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁၅၈၁၅၉၊ ဒေါ်သန္တာအောင် ဖုန်း-၀၉-၇၃၁၂၀၁၀၄၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၅၁၅၂၂၀၉နှင့် ဒေါက်တာရှင်နှောင်းလွင် ဖုန်း-၀၉-၅၄၁၂၄၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း လုပ်ငန်းခွင်အသုံးချသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ကြီးမှူးဖွင့်လှစ်သော အပတ်စဉ်(၂) Advance Survey Training Course (လုပ်ငန်းခွင်လက်တွေ့အသုံးချ)သင်တန်းကို နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဝါရင့် (Survey Engineer)များက Geodetic Total Station, Auto Level, Digital Theodolite,GPS စသော ခေတ်မီစက်ကိရိယာသစ်များဖြင့် မြေတိုင်းတာခြင်း၊ မြေတိုင်းစက်ကိရိယာများအားစစ်ဆေးခြင်း၊ စက်ကိုင်တွယ် အသုံးပြုခြင်း၊ မြေတိုင်းတာမှုတွက်ချက်နည်းစနစ်များပြုလုပ်ခြင်း၊ တိုင်းတာရရှိပြီး Data များအား Computer အတွင်းသို့ ထည့်သွင်းခြင်း(Data Downloading) ပြုလုပ်ခြင်းများကို စာတွေ့လက်တွေ့တတ်မြောက်အောင် သင်ကြားပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ရုံးခန်း အခန်း (၃၀၃)မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၄ (Ext,501)၊ ၀၉-၅၀၂၅၉၇၂၊ ၅၆၄၅၂၀နှင့် ၅၆၄၅၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁) အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတုမြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နံနက်ပိုင်းပူဇော်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Function Hall နှင့် ညနေပိုင်း ညစာစားပွဲကို White Rice Resturant တို့၌ ကျင်းပမည်ဖြစ်ပြီး မြို့ပြအင်ဂျင်နီယာကျောင်းသားဟောင်း ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လှူဒါန်းသော ငွေကျပ် ၂၅ သိန်းကို ဝန်ကြီးကိုယ်စား မြို့ပြအင်ဂျင်နီယာကျောင်းသားဟောင်း ဦးကျော်ဆန်းက ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်နိုင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# အထက(၂)စစ်ကိုင်း အာစရိယပူဇော်မည်

**စစ်ကိုင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းမြို့ အထက(၂) (ယခင်အမျိုးသားကျောင်း)၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသည့် ဒေါက်တာဦးကျော်လှ(မြစ်ငယ်) ဖုန်း-၀၉-၂၀၁၈၈၆၁၊ ဒေါ်သန်းသန်းမြင့် (အတုလဝတီ-စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၄၃၂၊ ဒေါ်အမာညို (ဆင်စွယ်တိုက်-မန္တလေး) ဖုန်း-၀၉-၂၀၀၅၇၂၄၊ ကျောင်းအုပ်ဆရာမကြီး (အထက-၂ စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၀၉၀၊ ဦးအုန်းမြင့် (ကမ္ဘေမြို့စတိုး) ဖုန်း-၀၇၂-၂၁၀၀၅၊ ဦးစိန်ယု ဖုန်း-၀၇၂-၂၁၂၈၈ နှင့် ဦးဇော်လင်း (ဇေယျာလင်း) ဖုန်း-၀၉-၉၁၀၃၃၆၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၃၁)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၉၀၀ | ၀. ၀၃၂၃၇ |
| တရုတ် (ယွမ်) | ၆. ၃၈၃၃၀ | ၀. ၁၅၆၆၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၈၄၀၀ | ၀. ၀၂၀၀၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၇၀၀ | ၀. ၃၁၇၇၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၂၉၀ | ၀. ၇၈၅၆၁ |
| ဂျပန် (ယန်း) | ၇၆. ၂၆၀၀ | ၀. ၀၁၃၁၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၇. ၃၀ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၁၉၇၁ | ၁. ၃၈၉၄၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၆၉၂ | ၁. ၅၉၅၁၀ |

***အင်တာနက်။***

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၄၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၁၄)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဗို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၂)**
၂၃။ Mini Series



သာသနာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦး မြင့် မောင် ရွှေတိဂုံ စေတီတော် ဂေါပက အဖွဲ့ အစည်းအဝေး ခန်းမ၌ ဂေါပက အဖွဲ့ဝင် များ အား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး လုပ်ငန်းလိုအပ်ချက်များ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ညှိနှိုင်းဖြည့်ဆည်းမှာကြား

နေပြည်တော် အောက်တိုဘာ ၂၃

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အစည်းအဝေးခန်းမ၌ ဂေါပကအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဂေါပကအဖွဲ့ကဆောင်ရွက်လျက်ရှိသော တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများနှင့် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ဂေါပကအဖွဲ့ဝင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။**

ထို့နောက် အာရုံခံတန်ဆောင်းများ၊ မုခ်ဦးဆောင်များနှင့် ဂန္ဓကုဋိတိုက်များ အတွင်း၌ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ကြည်ညိုကန်တော့နိုင်စေရန် ကြွေပြားအသစ်ခင်းကျင်းသည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရွှေတိဂုံစေတီတော် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်၌ ဓာတ်လှေကားတပ်ဆင်ရေး၊ အနောက်ဘက်အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်းသို့ အလွယ်တကူဆင်းသက်သွားလာနိုင်ရန် သာယာလှပသောမြေယာရှုခင်းအလှ ပြင်ဆင်ပြီးသီးခြားနတ်လမ်းလှေကား ပြုလုပ်တည်ဆောက်ရေး၊ ဗုဒ္ဓဝင်ပြခန်းရှိ ဗုဒ္ဓဝင်ဖြစ်တော်စဉ်ပြခန်းကို ခေတ်မီသည့် အခင်းအကျင်းများဖြင့် အဆင့်မီမီခင်းကျင်းပြသရေးတို့နှင့်ပတ်သက်၍ လည်းကောင်း၊ နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် ကြုံတောင့်ကြုံခဲလှသည့် ပွဲတော်ကြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးစီးဦးဆောင်ပြုမှုဖြင့် ခမ်းနားသိုက်မြိုက်စည်ကားစွာကျင်းပသွားရန်၊ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ နှစ်(၂၆၀၀)ပြည့်ပွဲတော်ကာလအတွင်း ရောင်စုံလျှပ်စစ်မီးများပူဇော်ရန်၊ အပွင့်ပွင့်နေသော ပန်းပေါင်း ၈၄၀၀၀ စိုက်ပျိုးပူဇော်ရန်တို့နှင့် ပတ်သက်၍လည်းကောင်း၊ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်သို့အဝင် ဦးဝိစာရလမ်းဘက်တွင် ခန့်ညားထည်ဝါသည့် မုခ်ဦးဆောင်နှစ်ခု တည်ဆောက်ရေးတို့အတွက် လည်းကောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မွေးမြူရေးလုပ်ငန်းများလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများနှင့်တက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်တို့နှင့်အတူ အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ရေဆင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား တက်ရောက်၍ ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြပြီး နံနက် ၉ နာရီတွင် နေပြည်တော် မွေးမြူရေးဇုန် (ရွှေမြို့ဇုန်)၊ ယူနီစ် နို့စားနွားမွေးမြူရေးခြံနှင့် နို့မှုန့်ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြပြီး ဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူများက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူရက သစ်တောကဏ္ဍဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ဟောပြောပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် " သစ်တောကဏ္ဍဖွံ့ဖြိုးမှ သာယာလှပ လူ့ဘောင်ဘဝ" စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိတို့က ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ဘိုးဘွားရိပ်သာ အဘိုးဆောင် ဆောက်လုပ်ရေးအတွက် ခရမ်းမြို့ အမှတ်(၂) ရပ်ကွက် ဇင်ယော်လမ်း နေ ဦးစိန်ဝှက်-ဒေါ်မြင့်မြင့်မော် မိသားစုက အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာအကျိုးဆောင်အဖွဲ့ လက်ခံစဉ်။** (ကြေးမုံ)

# မန္တလေးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် စုပေါင်းလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် (၃၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက် မွန်းလွဲပိုင်းနှင့် နံနက်ပိုင်းတို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျားကူးပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ မန္တလေးအသင်းဝင်များ အသင်းတိုက်အမှတ် (၂၄၃/၂၄၅) ပထမထပ် ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၄၀၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ်

# အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၃**

သစ်တောဦးစီးဌာနမှ မြန်မာ့သစ်တောသီတင်းပတ် အထိမ်းအမှတ်အဖြစ် "သစ်တောကဏ္ဍဖွံ့ဖြိုးမှ သာယာလှပလူ့ဘောင်ဘဝ (Forests for People)" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဒေါက်တာဆန်းဝင်း၊ ဒုတိယ ဒေါ်ခင်ဌေးဝင်း၊ တတိယ ဦးတင်ထွန်း(ချယ်ရီမြေမောင်တင်ထွန်း)၊ အထူးဆု(၁) ဦးသက်ဦး(သက်ဦးမောင်)၊ အထူးဆု(၂) ဦးမင်းစိုးသူရ(ရာမညမြေ)၊ အထူးဆု(၃) ဦးအောင်ကြည်မင်း(မင်းပြား) တို့ဖြစ်ပြီး အလွတ်တန်း စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဦးဝင်းသိန်း(ကျောင်းဆရာကိုကိုဝင်း)၊ ဒုတိယ မခင်လေးညို၊ တတိယ မဇင်သွယ်ဝင်း၊ အထူးဆု(၁) ဒေါ်မူမူစီ၊ အထူးဆု(၂) မလင်းလင်းဖြိုးမြတ်၊ အထူးဆု(၃) မလင်းသန္တာသက်တို့ဖြစ်ကြသည်။

ဆုများကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ သစ်တောဦးစီးဌာန နေပြည်တော်၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်မည်ဖြစ်ပါသဖြင့် ဆုရရှိသူများသည် အခမ်းအနားတွင် တက်ရောက်ဆုလက်ခံရယူနိုင်ရန်အတွက် လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၅ ၁၁၂၊ ၄၀၅၃၉၅၊ ၀၉-၈၆၄၀၆၁၉ ၊ ၀၉-၅၄၀၁၁၉၁ နှင့် ၀၉-၄၇၀၈၈၇၇၁ တို့သို့ အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲမတိုင်မီ ရုံးချိန်အတွင်း အမြန်ဆက်သွယ်ပါရန် သစ်တောဦးစီးဌာနက နှိုးဆော်ထားသည်။ (သတင်းစဉ်)



# ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် သုတေသနစာတမ်းကြီး



မောင်ပန်းမွှေးပြုစုသော ရွှေတိဂုံစေတီတော်ကြီး နှစ်(၂၆၀၀)ပြည့် သုတေသနစာတမ်းကြီးကို မဇ္ဈိမစာပေမှ တင်ဆက်လိုက်သည်။ စာအုပ်တွင် တပုဿ၊ ဘလိက ဆံတော်ပင့်ဆောင်ရာ ဖရုံကာကျွန်းသို့ ရောက်ရှိခြင်းခရီးစဉ် အထောက်အထားများ၊ မော်တင်စွန်း (ခေါ်) နာဂရာဇ်အငူသို့ ရောက်ရှိခြင်း အထောက်အထားများ၊ ကွမ်းခြံကုန်းမြို့နယ်တွင် ကျောက်ဆူးငြိခြင်း၊ ကျောက်ဆူးငြိစေတီတည်ခြင်း အထောက်အထားများ၊ ဒလတောကြီးတန်း တစ်လျှောက်တွင် ဆံတော်ကြို စေတီကိုးဆူ တည်ထားခြင်း အထောက်အထားများ၊ မြေပေါ်မြေအောက် အထောက်အထားမျိုးစုံ၊ မျက်ဝါးထင်ထင် ပေါက္ခရဝတီမြို့ကို ရှာဖွေခြင်း အထောက်အထားများဖြင့် တင်ဆက်လိုက်ပါသည်။

မဇ္ဈိမစာပေ အမှတ် (၂၃၇) ၃၉ လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်သည်။

# စေတီတော်၊ ရုပ်ပွားတော်၊ ဆရာတော်ကြီးများ ဝတ်ရွတ်စဉ်၊ ပရိတ်ကြီးများနှင့် ဂါထာတော်များ

ဦးသန့်(လာဘ်မိုးစွေ)စုဆောင်းပူဇော်သည့် စေတီတော်၊ ရုပ်ပွားတော်၊ ဆရာတော်ကြီးများ ဝတ်ရွတ်စဉ်၊ ပရိတ်ကြီးများနှင့် စီးပွားလာဘ်ရွှင်ဂါထာတော်များ စာအုပ်ထွက်ရှိလာသည်။



၎င်းစာအုပ်တွင် သမိုင်းဝင်တန်ခိုးကြီး စေတီတော်များ၊ ရုပ်ပွားတော်များ၊ ဆရာတော်ကြီးများကို ဖူးတွေ့ရမည်ဖြစ်ပြီး ထူးမြတ်သည့် ပဋ္ဌာန်းတရားတော်၊ ဘေးအန္တရာယ်တားဆီးကာကွယ်နိုင်သည့် သုတ်တော်၊ ပရိတ်တော်၊ နေ့၊ ည ရွတ်ဖတ်ရမည့် ဂါထာတော်များကို ထည့်သွင်းထားသည်။ ထိုစာအုပ်ကို ဦးစိန်အောင်မြင့် ဖုန်း-၂၀၂၅၉၅၊ ရွှေကုံ့ကော်စာပေ-ဖုန်း-၃၇၈၅၁၂ နှင့် လာဘ်မိုးစွေစာပေ ဖုန်း-၂၅၃၅၁၉ တို့သို့ မှာယူနိုင်သည်။

# ဘဒ္ဒန္တကုမာရ၏ ခန္ဓာရှုမြင်တရားခွင် စာအုပ်ထုတ်ဝေဖြန့်ချိ

ဘဒ္ဒန္တကုမာရ (သာသနဓဇ၊ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ) ပြည်သာယာဆရာတော်၏ ခန္ဓာရှုမြင်တရားခွင်စာအုပ် ထွက်ရှိနေပြီဖြစ်သည်။

ယင်းစာအုပ်တွင် မြတ်ဗုဒ္ဓ၏ အံ့ချီးဖွယ်ရာ ခန္ဓာဗေဒ ဒေသနာတော်များနှင့်အညီ ဆံပင်မှအစ ကျင်ငယ်အဆုံး ၃၂ ကောဋ္ဌာသတို့ကို တစ်ခုစီ အနုစိတ်ခွဲခြမ်းစိတ်ဖြာ၍ အပုပ်အိုးပမာ ဤခန္ဓာ၊ ပိုးမွှားမွေးရာ ဤခန္ဓာ၊ ညစ်ကြေးများစွာ ဤခန္ဓာ၊ အိတ်ကြီးပမာ ဤခန္ဓာ စသည်ဖြင့် ခန္ဓာမှပေးသောတရားနှင့် ဘုရားရှင်တို့ မစွန့်လွှတ်အပ်သည့် ကာယဂတာသတိကမ္မဋ္ဌာန်းကို အသေးစိတ်ဖော်ပြထားသည့်အပြင် စိတ်ဖြစ်ရာ ဌာနပြဿနာ၊ လူခြောက် အကြောင်း၊ ရဟန္တာဓာတ်တော်ကျ မကျ၊ ဘုရားရှင်အရိုးတော်အစရှိသည့် စိတ်ဝင်စားဖွယ် ခေါင်းစဉ်ငယ်များပါ ခွဲခြားရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်၏။ မြန်မာမြင့် စာပေ အမှတ် (၉၇၀) ရတနာလမ်း(၁၂) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၅၇၂၂၄၄၊ ၀၁-၅၆၄၀၄၉ မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

# မဇ္ဈိမသို့ ခြေရာကောက်၍ လိုက်ခဲ့ရာဝယ် စာအုပ် ဒုတိယအကြိမ်ထုတ်ဝေ



ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်ရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာတရား ဟောကြားရာ၊ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ရာ သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ဖြစ်သော အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးသွားခဲ့သည့် ဗုဒ္ဓဂယာ ဘုရားဖူးတစ်ဦး၏ အတွေ့အကြုံဗဟုသုတများကို ဗုဒ္ဓသမိုင်းနှင့် အိန္ဒိယနိုင်ငံ သမိုင်းအကျဉ်းချုပ်ကို နောက်ခံထား၍ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

ပြည်ပခရီး အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ သွားကြမည့် ဗုဒ္ဓဘာသာဝင် ဗုဒ္ဓဂယာဘုရားဖူးများကြိုတင်လေ့လာမှတ်ထားသင့်သည့် စာအုပ်ဖြစ်သည်။ ရောင်စုံ မှတ်တမ်းဓာတ်ပုံ၊ မြေပုံများဖြင့် ဖော်ပြထားရာ ဘုရားဖူးခရီးစဉ်တစ်လျှောက် ရောက်ရာနေရာများ၌ လမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

ထိုစာအုပ်ကို ဖန်မီးအိမ်စာပေ ဖုန်း-၀၁-၆၆၆၃၁၉၊ ၀၉-၅၀၁၃၆၃၄ မှဖြန့်ချိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သန်လျင်မြို့နယ် မိုးစပါးစိုက်ခင်းများနှင့် ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာရှိ တောင်သူဦးညီညီမောင်၏ စိုက်ခင်းအတွင်း မိုးစပါး ၁၀ ဧကနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် ငါး၊ ဆိတ်၊ ဘဲငန်း၊ ဘဲ၊ ကြက်၊ နွား မွေးမြူရေးခြံများကို ကြည့်ရှုသည်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ကွင်းဆင်းပြီး ပကတိအခြေအနေမှန်များကို လေ့လာ၍ တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်မှုအမှန်တကယ်ခံစားနိုင်ရန် ကူညီရိုင်းပင်းကြရန် လိုအပ်ကြောင်း၊ သန်လျင်မြို့နယ်အတွင်း လာမည့်နွေစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် တစ်ဆက်တစ်စပ်တည်း ၁၀ ကွက်များ ထူထောင်စိုက်ပျိုး အကောင်အထည်ဖော်လုပ်ဆောင်သွားကြရေး၊ တာဝန်ရှိသူများအနေဖြင့် လယ်ကွင်းထဲအရောက် ကိုယ်တိုင်ဆင်းပြီး စံနမူနာပြ စည်းရုံးလုပ်ဆောင်သွားနိုင်မှသာ တောင်သူလယ်သမားများဘဝ အမှန်တကယ်တိုးတက်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံကာ တောင်သူလယ်သမားများ လက်တွေ့အကျိုးခံစားရရှိနိုင်ရေးအတွက် ကြုံတွေ့နေရသည့် စိုက်နည်းစနစ်အားနည်းချက်၊ မျိုးကောင်းမျိုးသန့် မျိုးစေ့အားနည်းချက်များ အပါအဝင် လိုအပ်ချက်များကို စုပေါင်း ရိုင်းပင်းကူညီကြရန် မှာကြားပြီး သန်လျင်မြို့ ကိုင်ရှိမိသားစု၏ ပေါင်းစည်းလယ်ယာ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ပင့်ဆောင်ပူဇော်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေး ကော်မတီအသီးသီးတို့က တင်ပြဆွေးနွေးကြရာ လုပ်ငန်းကော်မတီနှင့် ပူဇော်မှုစီစဉ်ရေး ဆပ်ကော်မတီ၊ ပင့်ဆောင်ရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် ဧည့်ခံကျွေးမွေးရေးဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးများနှင့် မန္တလေးခရိုင်အုပ်ချုပ်ရေးမှူးတို့က ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးတို့က အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ဥပဒေပညာ အထူးပြုများ)(ဥပဒေပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ မြန်မာ့ရိုးရာအနုပညာ (အတီးပညာရပ်)
၅း၂၀ ၇။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၀)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ "လှုငယ့်စွမ်းအား"ပြဇာတ် (ဧရာဝတီတိုင်းဒေသကြီး)
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ **အိန္ဒိယရုပ်ရှင် "မင်္ဂလာပါလန်ဒန်' (အပိုင်း-၁)**
၁၉။ အစီအစဉ်ပြီး၏။

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**



**တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် အဆောက်အအုံများ ပြိုကျခဲ့ရာ အပျက်အစီးများအကြား ပိတ်မိနေသူများအား ကယ်ဆယ်ရန် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။**

## ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိ ငလျင်လှုပ်ရှား တူရကီနိုင်ငံသား ၁၀၀၀ ကျော် သေဆုံးနိုင်သည်ဟု ခန့်မှန်း

အန်ကာရာ အောက်တိုဘာ ၂၃

**တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ တနင်္ဂနွေနေ့(အောက်တိုဘာ ၂၃) ရက်က ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ ပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ အဆောက်အအုံပေါင်းများစွာ ပြိုကျပျက်စီးခဲ့ပြီး လူ ၁၀၀၀ ကျော်မျှ သေဆုံးနိုင်ကြောင်းသိရသည်။**

တူရကီအရှေ့တောင်ပိုင်း အီရန်နယ်စပ် အနီးတည်ရှိသော ဗင်းပြည်နယ်မှ အားစစ်အမည်ရှိ မြို့မှာ ငလျင်ဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရပြီး ပြည်နယ်မြို့တော်ဖြစ်သည့် ဗင်းမြို့မှာလည်း ငလျင်ဒဏ်အား အထိုက်အလျောက် ခံစားခဲ့ရသည်။

အားစစ်မြို့၌ ငလျင်ဒဏ်ကြောင့် သေဆုံးသူ အနည်းဆုံး ၄၅ ဦးနှင့် ဒဏ်ရာ ရသူ ၁၅၀ မျှရှိကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ငလျင်၏ အဖျက်စွမ်းအားနှင့် ငလျင်လှုပ်ခတ်ရာဒေသတွင်းရှိ အဆောက်အအုံများ တည်ဆောက်မှုဆိုင်ရာ စံချိန်စံညွှန်းနိမ့်ပါးခြင်းကြောင့် လူ ၁၀၀၀ နှင့်အထက် သေဆုံးနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းသည်။

### ပြိုကျပျက်စီး

ငလျင်ဒဏ်ကြောင့် ဗင်းမြို့တော်ရှိ အဆောက်အအုံ ၁၀ လုံး ဝန်းကျင်ပြိုကျပျက်စီးခဲ့ရပြီး အားစစ်မြို့၌ ကျောင်းသားအိပ်ဆောင်တစ်ဆောင် အပါအဝင် အဆောက်အအုံပေါင်း ၂၅ လုံးမှ ၃၀ ခန့်အထိ ပြိုကျပျက်စီးခဲ့ရကြောင်း တူရကီဒုတိယဝန်ကြီးချုပ် ဘီဆာ အက်တယ်လ်လေက ပြောကြားခဲ့သည်။

တူရကီအာဏာပိုင်များက ငလျင်ဒဏ်ကြောင့် သေကျေပျက်စီးခဲ့ရသူများ စာရင်းအတိအကျကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ သို့ရာတွင် တူရကီနိုင်ငံ၏ အဓိက မြေငလျင်လေ့လာရေး ဗဟိုဌာနဖြစ်သည့် ကန်ဒေလ်လီ စူးစမ်းလေ့လာရေးဌာနက ယင်းငလျင်၏ ပြင်းအားသည် လူပေါင်းများစွာအား သေဆုံးစေနိုင်ကြောင်း ပြောကြားခဲ့သည်။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ၁၀၀၀ ဝန်းကျင်ပျက်စီးရပြီး သေဆုံးသူအရေအတွက်မှာ ၅၀၀ နှင့် ၁၀၀၀ အကြားရှိမည်ဟု ခန့်မှန်းထားကြောင်း ကန်ဒေလ်လီ စူးစမ်းလေ့လာရေးဌာန အကြီးအကဲက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ၎င်း၏ ခန့်မှန်းချက်သည် ငလျင်လှုပ်ခတ်ရာဒေသမှ အဆောက်အအုံများတည်ဆောက်မှုပုံစံနှင့် ငလျင်၏ ပြင်းအားကို အခြေခံထားသည်။

ဘူမိပြတ်ရွေ့ကြောင်းပေါ်တွင် တည်ရှိသည့် အားစစ်မြို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရသောကျောင်းသားအိပ်ဆောင်အတွင်းမှ ဒဏ်ရာရရှိသူ အများအပြားကို ကယ်ဆယ်ရေးသမားများက ဆွဲထုတ်ကယ်တင်ခဲ့ရကြောင်း တူရကီလခြမ်းနီအဖွဲ့က ပြောကြားသည်။

အဆိုပါ ငလျင်သည် ဗင်းမြို့တော်၏ မြောက်ဘက် ကီလိုမီတာ ၂၀ အကွာတွင် တည်ရှိသည့် တာဘန်လီကျေးရွာကို ဗဟိုပြုကာ မြေအောက်အနက် သုံးမိုင်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဓိကငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲငလျင် အနည်းဆုံး အကြိမ် ၂၀ ကျော် လှုပ်ခတ်ခဲ့ရာ ဒေသခံပြည်သူများ လမ်းများပေါ်သို့ ကြောက်လန့်တကြား ပြေးထွက်ခဲ့ရသည်။

တူရကီအစိုးရ ဝန်ကြီးအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် အစည်းအဝေးတစ်ရပ် ကျင်းပ၍ မြေငလျင်ဘေးဒုက္ခနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ဗင်းပြည်နယ်၌ လှုပ်ခတ်ခဲ့သော ငလျင်သည် တူရကီနိုင်ငံအတွက် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း အင်အားအပြင်းထန်ဆုံး ငလျင်ကပ်ဘေးဖြစ်သည်။

***အင်တာနက်။***

## "မလိုအပ်ခြင်း" ဟု အဓိပ္ပာယ်ရသည့် အမည်ပိုင်ရှင် အိန္ဒိယအမျိုးသမီးများ အမည်သစ်ခံယူ

**မွမ်ဘိုင်း အောက်တိုဘာ ၂၃**

ဟင်ဒီဘာသာစကားအရ "မလိုအပ်ခြင်း" ဟူ၍ အဓိပ္ပာယ်မျိုးထွက်သည့် အမည်နာမများ မှည့်ခေါ်ခံထားရသူ အိန္ဒိယအမျိုးသမီးငယ် ၂၀၀ ကျော်တို့သည် ဘဝသစ်ပြန်လည်စတင်သည့်အနေဖြင့် နာမည်သစ်များရွေးချယ်ခဲ့ကြကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါအိန္ဒိယအမျိုးသမီးငယ် ၂၀၀ ကျော်တို့၏ အမည်သစ်ခံယူပွဲကို မဟာရက်စ်ရှုတြပြည်နယ် ဆာသာရာခရိုင်၌ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည်။

အမည်သစ်များ ရယူခဲ့ကြသော အမျိုးသမီးငယ်များသည် ၎င်းတို့၏ ဘဝ ရှေ့ခရီးကို ဂုဏ်သိက္ခာရှိရှိ ရှေ့ဆက်နိုင်၍ အိန္ဒိယနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေသည့် လိင်ခွဲခြားမှုစနစ်အား တိုက်ဖျက်ရာတွင်လည်း အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ရသည်။

မဟာရက်စ်ရှုတြပြည်နယ် ဆာသာရာ ခရိုင်မှ အိန္ဒိယအမျိုးသမီးငယ် ၂၈၅ ဦးတို့ကို ခရိုင်တာဝန်ရှိသူများကိုယ်တိုင် အမည်သစ်ရယူမှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြားများပေးအပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဟင်ဒီဘာသာအားဖြင့် "မလိုအပ်ခြင်း" ဟု အဓိပ္ပာယ်ရသည့် နာကူဆာသို့မဟုတ် နာကူရှီစသော အမည်များကို စွန့်လွှတ်ခဲ့ပြီးနောက် အချို့သော မိန်းမငယ်များသည် အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောကမှ နာမည်ကျော်အမျိုးသမီးသရုပ်ဆောင်တို့၏ နာမည်များ၊ သဝိတြိကဲ့သို့ ဟိန္ဒူနတ်သမီးတို့၏ အမည်များကို ရွေးချယ်ခဲ့ကြသည်။

လိင်ခွဲခြားမှုစနစ်ကြောင့် အိန္ဒိယနိုင်ငံသည် ကျားနှင့်မဦးရေ အချိုးအစား မညီမျှမှုပြဿနာနှင့် ကြုံတွေ့နေရပြီး ယောကျ်ားလေးဦးရေမှာ မိန်းကလေးဦးရေထက် ပိုမိုများပြားလျက်ရှိသည်။

ယခုနှစ် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူမှုများအရ အသက်ခြောက်နှစ်အောက်ကလေးဦးရေတွင် ယောကျ်ားလေး ၁၀၀၀ လျှင် မိန်းကလေး ၉၁၄ ဦးသာရှိကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

လက်ထပ်ထိမ်းမြားမှု ပြုလုပ်ရာတွင် ရိုးရာဓလေ့ထုံးစံများအရ မိန်းကလေးရှင်ဘက်မှ ကုန်ကျစရိတ်အများစုကို စိုက်ထုတ်သုံးစွဲရခြင်းကြောင့် အိန္ဒိယမိသားစုများသည် သမီးမိန်းကလေးထက်စာလျှင် သားယောကျ်ားလေးကိုသာ ပိုမိုအလိုရှိကြသည်။

***အင်တာနက်။***



***အမည်သစ်များခံယူခဲ့ကြသော အိန္ဒိယအမျိုးသမီးငယ်များကို အမည်သစ်ရယူမှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြားများနှင့် အတူတွေ့ရစဉ်။***

## သူပုန်အဖွဲ့ကို ဖိလစ်ပိုင်စစ်ဘက် ထိုးစစ်ဆင်တိုက်ခိုက်

**ကိုတာဘာတို အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်စစ်ဘက်သည် မင်ဒါနာအိုကျွန်း၌ မော်ရို လွတ်မြောက်ရေးတပ်ဦးအမည်ရှိ သူပုန်အဖွဲ့ကို အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှု စတင်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့သည် သူပုန်တပ်ဖွဲ့၏ စခန်းများကို အမြောက်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဖိလစ်ပိုင်သမ္မတ ဘင်နစ်နိုအကွီနိုသည် စစ်ဘက်ဆိုင်ရာ တပ်မှူးများအား ထိုးစစ်ဆင်တိုက်ခိုက်ရန် ခွင့်ပြုပေးခဲ့သည်။ ပါယောင်အို ဆင်ခြေဖုံးဒေသရှိ သူပုန်စခန်းတစ်ခုကို အစိုးရတပ်ဖွဲ့မှ တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများမှာ နေအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးကြရကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# လူငယ့်စွမ်းအားပြဇာတ်ပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးပြဇာတ်အဖွဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်တင်ဆက်

**နေပြည်တော်　　အောက်တိုဘာ　　၂၃**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အမှတ်ပေးပညာရှင်များ၊ မြန်မာ့ဇာတ်သဘင်ကို မြတ်နိုးလေးစားတန်ဖိုးထားကြသော ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် အုပ်ချုပ်သူမောင်ဝင်းနောင်၊ ဒါရိုက်တာကိုဝင်းနောင်၊ ဇာတ်ညွှန်း ကိုချမ်းသာ (ရွှေမန်းသဘင်)၊ ခေါင်းဆောင်မင်းသား ကိုဝင်းနောင်(ခ)ငချွန်း၊ ခေါင်းဆောင်မင်းသမီး ဒေါ်ချိုချိုဦးနှင့် ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များက ဦးဗိုလ်နိုင် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လူငယ့်အားမာန်နှင့် လူငယ့်စွမ်းအားများကို ဇာတ်လမ်းဇာတ်ကွက်များဖြင့် ဖော်ကျူးယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)



**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ပြိုင်ပွဲ အစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ၊ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော်　　အောက်တိုဘာ　　၂၃

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နဝမနေ့အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

အဆိုပါပြိုင်ပွဲအသီးသီးသို့ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသည့်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

### အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ တယောအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ကျင်းပရာ တယောအတီး အကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့် တယောပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် "စံရာတောင်ကျွန်း" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောရှောလမုန်အောင်၊ ရှမ်းပြည်နယ်မှ မောင်မင်းခန့်လှိုင်ဇင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောဟေနဲတာအေးနှင့် မွန်ပြည်နယ်မှ မောင်ငြိမ်းခန့်ကိုတို့က ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မနော်နိုတာမလာဖောနှင့် မနောနှင်းနှင်းထက်တို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) တယော အတီးပြိုင်ပွဲတွင် "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ကယားပြည်နယ်မှ မောင်နေဇာကို၊ မန္တလေးတိုင်းဒေသကြီးမှ မောင်မျိုးသီဟကို၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ကိုကို၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဟိန်းကိုကိုနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန်းစိုးလွင်တို့ ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) တယော အတီးပြိုင်ပွဲတွင် "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မယမုံဖူးနှင့် မနော်သင်းသင်းလှ၊ မန္တလေးတိုင်းဒေသကြီးမှ မနီနီဝင်းရွှေတို့ ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မခင်မို့မို့အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မမွန်မွန်ကျော်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်အဖွဲ့နှင့် မွန်ပြည်နယ်မှ မရူပါငွေးအဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြင့်မြင့်အေးအဖွဲ့နှင့် မလှလှငွေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်မြန်မာပြည်စိမ်းအဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ဒုံမင်းအတီး ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုံမင်းအတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဒလဦးမြင့်စိန်နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "မေတ္တာ" (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်တိမ်မင်းခန့်နှင့် မောင်သွင်ဖုန်းခန့်ဇော်တို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မနှင်းနန္ဒာကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦးနှင့် မအိမ့်သရဖူတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား)သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခိုင်သန္တာစိုးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ရည်ဖုန်းဆွေတို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် မကွေးတိုင်းဒေသကြီးမှ မောင်လှိုင်ဝမ်းတူး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးထွန်း၊ ပဲခူးတိုင်းဒေသ ကြီးမှ မောင်သီဟလင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်အောင် တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် "ဂုဏ်တော်ဖွင့်" (ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မမွန်မွန်ကျော်နှင့် မခင်စောယုတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲ တွင် "စန္ဒကိန္နရီ" (ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မထက်လေးရွှေဘိုနှင့် မသော်သော်ဦး၊ မကွေးတိုင်းဒေသကြီးမှ မနန်းကြာညိုကျော့နှင့် မန္တလေးတိုင်းဒေသကြီးမှ မကြည်ကြည်မာတို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင် တီးခတ်ကြပြီး ညနေပိုင်းတွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)



**အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်)အတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မရူပါငွေးအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)



**အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မနီနီဝင်းရွှေ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရွှေဆိုင်း

* ပဥ္စရူ ကဟန်က
လှမာန်ကြွယ်ဉ်သည်
မြန်မာ့ထံတျာ့အစဉ်တည်
အသွင်ညီညီစုဝိုင်း
လူတိုင်းဇမ္ဗူ့ထိန်ပကျော်ပြီ
စိန်မြမဟော်တီးတဲ့ရွှေဆိုင်း…။

* စက်နှိုင်းသူမတတ်သာသည်
မြတ်ပညာနက်ရှိုင်း
မပြတ်လျှင်စွာ လက်သိုင်းက
မွှေတိုင်းပသံသာ…၊
ရွှေလက်တော်သိုးသီကြွရုံမျှ
ကိုးလီရသစုံလင်တာ…၊
ညာအဖျင်းအလျဉ်းမပါ
လမင်းတစ်ရာ့ရွှန်းပြီကွဲ့
ခွန်းသီဖွဲ့ပြည်ရွာ
ပြောကြညီစွာ…။

* မူပိုင်လှစည်းသံဖြာတယ်။
တီးဟန်သာရွှေဆိုင်းပါ့လေး…။

မြင့်မိုရ်ဆွေ



**ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခိုင်သန္တာစိုး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

# ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန် မြန်မာနိုင်ငံမှ ပေါ်ဆန်းဆန် ဆွတ်ခူးရရှိ

**ရန်ကုန်　　အောက်တိုဘာ　　၂၃**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံ (World Rice Conference 2011)တွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သော ပေါ်ဆန်း ဆန်ဖြူသည် ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန် အမျိုးအစား (World Best Rice 2011)အဖြစ် ရွေးချယ်၍ ဆုချီးမြှင့်ခြင်းခံရကြောင်း သိရှိရသည်။

နိုင်ငံတကာတွင် မြန်မာ့ပုလဲဆန်(Myanmar Pearl Rice)ဟုထင်ရှားသော ပေါ်ဆန်းဆန်သည် မြန်မာနိုင်ငံတွင်သာ စိုက်ပျိုးထုတ်လုပ်သော မြန်မာ့မျိုးရင်းဆန်ဖြူ ဖြစ်သည်။ အနံ့အရသာ ထူးခြားကောင်းမွန်ပြီး ၂၀၁၀ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဆန်စပါးညီလာခံတွင် အကောင်းဆုံးဆန် တတိယဆုကို ဆွတ်ခူးရရှိခဲ့ပြီး ယခုနှစ်တွင် ပထမဆုကို ရရှိခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အမှတ်အများဆုံး ၁၅ မှတ်ပေးထားရာ ပေါ်ဆန်းဆန်သည် ၁၄ မှတ်ရရှိပြီး ထိုင်းနိုင်ငံ၏ နာမည်ကြီး Jasmine Rice ထက် သုည ဒသမ ၂၅ အမှတ်သာလွန်ကာ ပထမဆု ဆွတ်ခူးရရှိခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းမှ အကြံပေးပုဂ္ဂိုလ် ဦးတင်ထွဋ်ဦး၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့ ဦးဆောင်ပြီး အဖွဲ့ဝင် ၁၄ ဦး တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်ကုန်သည်ကြီးများ၊ ကုမ္ပဏီကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီး မြန်မာ့ဆန်စျေးကွက် တိုးမြှင့်ရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးမူဝါဒများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များ၊ ခေတ်မီဆန်စက်ကြီးများနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော စိုက်ခင်းများကို သွားရောက်လေ့လာခဲ့ကြသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံရှိ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ Vietnam Food Authority အပါအဝင် ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# သစ်တစ်ပင်၏တန်ဖိုး

မောင်သစ်တော

**သစ်ပင်သစ်တောများမှပေးသော အကျိုးကျေးဇူးများ**

"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားခိုနိုင်သည်"ဟု ဆိုရိုးစကားရှိပါသည်။ ရှေးဘိုးဘွားမိဘများကလည်း "သစ်တစ်ပင်စိုက်လျှင် ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းသည်နှင့်တူ၏" ဟူ၍ ဆိုခဲ့ပါသည်။ လက်တွေ့တွင် သစ်ပင်တစ်ပင် စိုက်ပျိုးအောင်မြင်လျှင် ထိုမျှမကသော အကျိုးကျေးဇူး မြောက်မြားစွာကို ရရှိခံစားနိုင်ပါသည်။

သစ်ပင်သစ်တောများသည် လူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးကို ဖြည့်ဆည်းပေးပါသည်။ အပင်၏ အသီး၊ အပွင့်၊ အရွက်၊ အမြစ်တို့ကို အစားအစာအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။ ဝါ၊ ဂုန်လျှော်စသော အပင်များ၏ အစိတ်အပိုင်းများဖြင့် အဝတ်အထည်ကို ထုတ်လုပ်အသုံးပြုကြပါသည်။ သစ်တောသစ်ပင်များမှ သစ်သားများဖြင့် နေအိမ်၊ ပရိဘောဂ၊ အဆောက်အအုံ၊ လယ်ယာသုံးပစ္စည်းကိရိယာများ ပြုလုပ်သုံးစွဲကြရပါသည်။ သစ်ပင်သစ်တောများသည် သားငှက်တိရစ္ဆာန်တို့အတွက်လည်း အစားအစာနှင့် နေရင်းဒေသများ အထောက်အပံ့ပြုပေးပါသည်။

သစ်ပင်သစ်တောများမှ သစ်တောထွက်ပစ္စည်းများအပြင် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း အထောက်အပံ့ပြုပါသည်။ သစ်ပင် သစ်တောများ စိုက်ပျိုးထိန်းသိမ်းကာကွယ်ခြင်းဖြင့် လေကောင်းလေသန့်များရရှိစေခြင်း၊ ရာသီဥတုအေးမြ၍ မျှတစေခြင်း၊ ရေကောင်းရေသန့်များရရှိစေခြင်း၊ ရေလှည့်ပတ်မှုစနစ်မှန်ကန်စေရန် ထိန်းသိမ်းပေးခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းပေးခြင်း၊ သဘာဝစမ်းရေထွက်များ ဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီလွှာများ ထိန်းသိမ်းပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရပါသည်။ သစ်ပင် ပင်စည်များနှင့် အမြစ်တို့သည် အပေါ်ယံနှင့်မြေအောက်ရေတို့ကို ထိန်းသိမ်းထားနိုင်မှုကြောင့် ရေကြီးခြင်းနှင့်ခြောက်သွေ့မှုတို့ကို ထိန်းချုပ်ထားနိုင်ပါသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးမှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များအား လေထုအတွင်းမှစုပ်ယူ၍ အပင်အစိတ်အပိုင်းများနှင့် မြေဆီလွှာအတွင်း သိုလှောင်ပေးခြင်းနှင့် လူနှင့်သက်ရှိသတ္တဝါများအတွက် လိုအပ်သည့်အောက်ဆီဂျင် ထုတ်လွှတ်ပေးခြင်းဖြင့် သက်ရှိလောကအတွက် အရေးကြီးဆုံးဝန်ဆောင်မှုကို သစ်တောသစ်ပင်များမှ အကျိုးဆောင်ပေးလျက်ရှိပါသည်။

လေကောင်းလေသန့်နှင့် တောရိပ်တောင်ရိပ်၊ သစ်ရိပ်ဝါးရိပ်သည် စိတ်ကို အေးချမ်းစေပါသည်။ ကြည်လင်လန်းဆန်းစေပါသည်။ သစ်ပင်များ၏ အစုအဝေးဖြစ်သည့် သဘာဝတောတောင်များသည် ဘုရား၊ ရဟန္တာနှင့် သူတော်စင်၊ သူတော်မြတ်များ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့ ကျင့်ကြံရာ၊ ဖြန့်ဖြူးရာဘူမိနက်သန်များ ဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူသော ဘုရားအဆူဆူတို့သည် ဆိတ်ငြိမ်အေးချမ်းသော တောတောင်များရှိ သစ်တစ်ပင်ရိပ် ဝါးတစ်ပင်အောက်တွင် ကျင့်ကြံအားထုတ်ပြီး ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ကြပါသည်။ သစ်ပင်၊ သစ်တောများမှ ပေးစွမ်းသည့် အရိပ်အာဝါသ၊ မျှတသောရာသီဥတု၊ ဆိတ်ငြိမ်မှု၊ လေကောင်းလေသန့်၊ ကြည်လင်သောစိမ့်စမ်းရေနှင့် စားဖွယ်သစ်သီးသစ်နှံအထောက်အပံ့များဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ကြပါသည်။ သစ်ပင်သစ်တောများမှပေးစွမ်းသော အကျိုးကျေးဇူးများမှာအလွန်ပင်များပြားလှပါသည်။ထို့ကြောင့် သစ်ပင်တစ်ပင်၏တန်ဖိုးအစစ်အမှန်ကိုတွက်ချက်ရန် အလွန်ခက်ခဲပါသည်။ ရောင်းဝယ်မှုအတွက်သစ်မျိုးအလိုက် ငွေကြေးတန်ဖိုးသတ်မှတ်ခြင်းသည် သစ်ပင်တစ်ပင်၏ တန်ဖိုးအစစ်အမှန် မဟုတ်ချေ။ သစ်တောသစ်ပင်များသည် လူအပါအဝင် သက်ရှိသတ္တဝါများအားလုံးအတွက် သစ်တန်ဖိုးထက် အဆပေါင်းများစွာ တန်ဖိုးရှိသည့်ဝန်ဆောင်မှုများကို အထောက်အပံ့ပြုလျက်ရှိပါသည်။ မမြင်နိုင်၊ အဖိုးမဖြတ်နိုင်သော တန်ဖိုးကိုပေးပါသည်။

**စက်မှုစိုက်ခင်းများနှင့် သစ်တောပြုန်းတီးမှုများ**

ယနေ့အချိန်တွင် ကမ္ဘာနှင့်တစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများအား အကြီးအကျယ်စိုက်ပျိုးလျက်ရှိကြသည်။ သဘာဝတောများကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးသောကြောင့် ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တောကြီးများသည် အကြီးအကျယ်ပြုန်းတီးပျက်စီးလျက်ရှိပါသည်။အလားတူပင် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများအတွက် သဘာဝတောများ ပြုန်းတီးပျက်စီးခဲ့ကြရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆီအုန်းစိုက်ခင်းဧရိယာ ဟက်တာ ၄ ဒသမ ၁ သန်းနှင့် မလေးရှားနိုင်ငံတွင် ဟက်တာ ၃ ဒသမ ၆ သန်းရှိနေပြီဖြစ်သည်။ ကမ္ဘာတွင် ဆီအုန်းစိုက်ပျိုးသော နိုင်ငံပေါင်း ၄၃နိုင်ငံရှိပြီး ကမ္ဘာ့အမြဲတမ်းစိုက်ပျိုးမြေ၏ ၁၀ ပုံလျှင် ၁ ပုံရှိနေပြီဖြစ်သည်။ ၂၀၁၀ခုနှစ် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စာရင်းများအရ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် သစ်တောပြုန်းတီးမှုနှုန်းသည် တစ်နှစ်လျှင် ဟက်တာ ၁၃ သန်းခန့်ရှိပြီး ဘရာဇီးနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သစ်တောပြုန်းတီးမှုနှုန်း အများဆုံးနိုင်ငံများ ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူလရည်ရွယ်ချက်အတိုင်း သစ်တောများပြုန်းတီးပျက်စီးနေသော မြေနေရာများတွင် ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများ တည်ထောင်ခြင်းအား ဆိုဖွယ်မရှိသော်လည်း ပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့် ဂေဟစနစ်ကို အထောက်အပံ့ပြုပေးနေသည့် သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်း၍စိုက်ပျိုးခြင်းသည် အလွန်အန္တရာယ်များပါသည်။ ပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်ကိုပျက်စီးစေ၍ သဘာဝဘေးအန္တရာယ်များ ကျရောက်စေပါသည်။ သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်း၍ အခြားမြေအသုံးချမှုအား ပြောင်းလဲခြင်းသည် သစ်တောများပြုန်းတီး၍ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေပါသည်။ အပင်များအပါအဝင် သက်ရှိသတ္တဝါများသည် ဂေဟစနစ်တစ်ခုတွင် အချင်းချင်းမှီတည်နေကြရသည်။ သစ်မျိုးတစ်မျိုး၊ သက်ရှိ မျိုးစိတ်တစ်ခု ပျောက်ကွယ်သွားပါက ဆက်စပ်မျိုးစိတ်များပါ ပျောက်ကွယ်ကြရသည်။ ထို့ကြောင့် သက်ရှိမျိုးစိတ်တိုင်း ဂေဟစနစ်တန်ဖိုး တစ်ခုစီရှိကြသည်။ ထိုတန်ဖိုးကို ငွေကြေးဖြင့် အဖိုးဖြတ်၍ မရနိုင်ချေ။

သစ်ပင်သစ်တောများခုတ်ထွင်၍ ဆီအုန်းနှင့်ရော်ဘာကဲ့သို့ စက်မှုကုန်ကြမ်း စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများသည် လတ်တလောအားဖြင့် အကျိုးအမြတ်ရှိသည်ဟု ထင်ရသော်လည်း ရေရှည်တွင် ကောင်းကျိုးထက်ဆိုးကျိုးက ပိုမိုများပြားပါသည်။ အဆိုပါလုပ်ငန်းများမှရရှိသော ငွေကြေးအကျိုးအမြတ်ထက် ပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် ကုန်ကျရသည့် ငွေကြေးပမာဏများက အတိုင်းမသိမရှိ များပြားနိုင်ပါသည်။

**သစ်တောပြုန်းတီးမှု၏ အကျိုးဆက်များ**

သစ်တောများပြုန်းတီးခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ မကြာခဏကျရောက်ပြီး ပျက်စီးဆုံးရှုံးရသည့် ပမာဏများမှာ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ဒေါ်လာ ၃၉၀ ဘီလီယံခန့်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒေါ်လာ၄၀၀ ဘီလီယံခန့်ရှိသည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားပါသည်။ အထူးသဖြင့် ၂၀ရာစုနှစ် နောက်ပိုင်းကာလများနှင့် ၂၁ ရာစုနှစ် အစောပိုင်းအချိန်ကာလများတွင် ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ပိုမိုဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး ၂၀၀၄ခုနှစ်တွင် ဒေါ်လာ ၁၄၅ ဘီလီယံခန့်နှင့် ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးခန့်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း စီးပွားရေးပညာရှင်များက ဆိုပါသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုသည် ငွေကြေးနှင့် လူ့အသက်အိုးအိမ် စည်းစိမ်များ သာမက နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့ပါ တစ်ဆက်တည်း ထိခိုက်စေနိုင်ပါသည်။

သဘာဝသယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်အပေါ် အနည်းနှင့်အများ ဆိုသကဲ့သို့ အကျိုးသက်ရောက်မှုများရှိနေပါသည်။ ဥပမာအားဖြင့် ၂၀၁၀ခုနှစ် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စာရင်းများအရ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၁၉၉၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံးဧရိယာ၏ ၅၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် သစ်တောများ ပြုန်းတီးမှုပမာဏမှာ တစ်နှစ်လျှင် ပျမ်းမျှ ၃၇၂၂၅၀ ဟက်တာ ပြုန်းတီးခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံဧရိယာ၏ ၄၇ ရာခိုင်နှုန်းမှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိနေပါသေးသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် ယနေ့အထိ ဇီဝမျိုးစုံ မျိုးကွဲများကြွယ်ဝသည့် အပူပိုင်းမုတ်သုံသစ်တောကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။

ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီးရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ခင်းမြေဧရိယာ ၄၃၆၅၀၈ ဧက (၁၇၆၇၂၄ ဟက်တာ)နှင့် ရော်ဘာစိုက်ခင်း မြေဧရိယာ ၂၈၆၄၂ ဧက (၁၁၅၉၆ ဟက်တာ) တို့တွင် စိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယနေ့အချိန်အထိ ဆီအုန်းစိုက်ခင်း ၉၈၁၃၄ဧက(၃၉၇၃၀ ဟက်တာ)စိုက်ပျိုးပြီးစီး၍ ၃၃၈၈၂၀ ဧက (၁၃၇၁၇၄ ဟက်တာ)မှာ စိုက်ပျိုးရန် ကျန်ရှိနေပါသည်။ အလားတူပင် ရော်ဘာစိုက်ခင်း ၁၀၀၂၃ ဧက (၄၀၅၈ ဟက်တာ) သာ စိုက်ပျိုးပြီးစီး၍ ၁၈၆၁၈ ဧက (၇၅၃၈ ဟက်တာ)စိုက်ပျိုးရန် ကျန်ရှိနေပါသေးသည်။ ယေဘုယျအားဖြင့်ကုမ္ပဏီများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေဧရိယာ၏ ၂၅ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံဘဏ္ဍာစုံမှ ကြိုးပမ်းဆောင်ရွက်ကြသည်ကို ကြိုဆိုကြရမည်ဖြစ်ပါသည်။ သို့သော် မှန်ကန်သော ရည်ရွယ်ချက်များချမှတ်လျက် လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များရှိသလို စိုက်ပျိုးရန်ထက် သစ်တောများရှင်းလင်းခုတ်လှဲခြင်းမှရရှိသော အကျိုးအမြတ်ကိုသာ မျှော်ကိုးပြီး ဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း ရှိနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

သဘာဝသစ်တောများအား ခုတ်ထွင်ရှင်းလင်း၍ ဆီအုန်းနှင့်ရော်ဘာများစိုက်ပျိုးခြင်းသည် သစ်တောများပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ သဘာဝသစ်တောများ စုပ်ယူသိုလှောင်ထားနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏနှင့် နှိုင်းယှဉ်လျှင် ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများက စုပ်ယူမှုပမာဏ နည်းပါးသောကြောင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေခြင်းနှင့် သစ်တောများမှရရှိနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများဆုံးရှုံးခြင်းစသည့် အကျိုးဆက်များကို ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ အပူပိုင်းမုတ်သုံသစ်တောများတွင်တွေ့ရသော တောင်ငိုးရင်မဲငှက်နှင့် အောင်လောင်ငှက်မျိုးစိတ်များမှာ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေတွင်ရှိနေသည်မှာ ထင်ရှားသောသာဓကတစ်ခုပင်ဖြစ်ပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့် မြေဆီလွှာတိုက်စားပို့ချမှုများ ဖြစ်ပေါ်ပြီး ကမ်းခြေများပျက်စီးခြင်း၊ ကမ်းရိုးတန်းရေထုညစ်ညမ်းခြင်းနှင့် တနင်္သာရီကမ်းရိုးတန်းတွင်သာတွေ့ရသည့် သဘာဝသန္တာကျောက်တန်းများ ပျက်စီးစေပါသည်။ ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ရေပြင်နှင့် ဆက်စပ်နေသောသစ်တောများဖြစ်သောကြောင့် သစ်တောများပြုန်းတီးမှုသည် ပင်လယ်ရေနေသတ္တဝါများနှင့် ဂေဟစနစ်ကိုပါ ပျက်စီးစေပါသည်။

သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ မြေပြုပြင်ခြင်းများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ အမြောက်အမြား ထွက်ပေါ်လာပြီး ကမ္ဘာ့လေထုပိုမိုပူနွေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်စေပါသည်။ အကျိုးဆက်အားဖြင့် အပူချိန်တိုးလာမှုနှင့်အတူ မြန်မာ့ပင်လယ်ပြင်နှင့် အနီးအနားပတ်ဝန်းကျင်တွင် လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်ပြီး အပူပိုင်းမုန်တိုင်းများ မကြာခဏဖြစ်ပေါ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ သဘာဝသစ်တောသယံဇာတများ ဆက်လက်ပျက်စီးပါက ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်နေသော မိုးအပြင်းအထန် ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်း ကျရောက်ခြင်း၊ အအေးလှိုင်းကျရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံတွင်လည်း အလားတူ ကျရောက်လာနိုင်ပါသည်။

**သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (REDD-Plus) ဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်း**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၀ ခုနှစ် အစီရင်ခံစာအရ လွန်ခဲ့သည့် ဆယ်စုနှစ်ကာလ (၂၀၀၀-၂၀၁၀)အတွင်း နှစ်စဉ်ဟက်တာ ၁၆သန်း သစ်တောများပြုန်းတီးခဲ့ပါသည်။ ကမ္ဘာ့သစ်တောများသည် ကာဗွန် ၂၈၉ ဂစ်ဂါတန်ခန့်ကို စုပ်ယူသိုလှောင်ထားပြီး ၂၀၀၅-၂၀၁၀ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုကြောင့် နှစ်စဉ် ၀ ဒသမ ၅ ဂစ်ဂါတန် လေထုအတွင်းသို့ ထုတ်လွှတ်ခဲ့ပါသည်။ သစ်တောများ ပြုန်းတီးခြင်းမှ ထုတ်လွှတ်သောကာဗွန်ပမာဏသည် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအထိ ရှိပါသည်။

ထို့ကြောင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်းမှ သစ်တောများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့ပြီး သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျလာခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊ သစ်တောများကို ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောများ ပြုန်းတီးနေသောနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန် တွန်းအားပေးလျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်များကို သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emission From Deforestation and Forest Degradation and Enhancement of Carbon Stock-REDD-Plus) ဟုခေါ်ဆိုပြီး ကာဗွန်ရောင်းဝယ်မှုပုံစံ၊ ငွေကြေးထောက်ပံ့မှုပုံစံများဖြင့် ကမ္ဘာနှင့်အဝန်း အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိပါသည်။

REDD-Plus ၏ အန္တိမရည်မှန်းချက်မှာ ကမ္ဘာ့လေထုအတွင်း ကာဗွန်စုစည်းမှုနည်းနိုင်သမျှနည်းစေ၍ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါသည်။ သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစား လျော့ချခြင်းကို အမှန်တကယ် အကောင်အထည်ဖော်နိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများအား အဆိုပါကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် စွန့်လွှတ်မှု၊ အနစ်နာခံရမှုများအား ဘဏ္ဍာငွေကြေးဖြင့် ဂုဏ်ပြုထောက်ပံ့ရန်ဖြစ်ပါသည်။ REDD-Plus နည်းဗျူဟာများသည် အပင်များတွင် သိုလှောင်ထားသော ကာဗွန်ပမာဏအတွက် ငွေကြေးတန်ဖိုး တွက်ချက်ဖော်ပြခြင်းဖြင့် သစ်တောများကို ခုတ်လှဲခြင်းထက် ပင်ထောင်အတိုင်း တည်ရှိစေခြင်းမှာ ပိုမိုတန်ဖိုးကြီးမားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် REDD-Plus လုပ်ငန်းစဉ်များသည် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောကဏ္ဍဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများပင် ဖြစ်ပါသည်။ ယနေ့အချိန်ထိ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုပမာဏမှာ စုစုပေါင်းဧရိယာ၏ ၄၇ ရာခိုင်နှုန်းရှိပြီး အကျယ်အဝန်းအားဖြင့် ဟက်တာ ၃၅ ဒသမ ၄ သန်းကျော်ရှိနေသဖြင့် REDD-Plus နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကဲ့သို့ သစ်တောကဏ္ဍဆိုင်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိပါသည်။

**သစ်တောကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ်(၃၀)အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ သဘာဝသစ်တောများကို ထာဝစဉ်တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်နေသကဲ့သို့ သစ်တောပြုန်းတီးနေသော တောများတွင် သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက်ရှိပါသည်။ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဟူ၍ စိုက်ခင်းအမျိုးအစားများခွဲခြားလျက် စီးပွားရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းရေးကို ရည်မှန်းချက်များ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။နိုင်ငံအဝန်းတောပြုန်းပျက်စီးနေသော မြေနေရာများတွင်ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သစ်တောစိုက်ခင်းများနှစ်စဉ်တည်ထောင်လျက်ရှိရာ ၂၀၁၁ခုနှစ် ဩဂုတ်လအထိ ဟက်တာ ၅ သိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကကဏ္ဍတွင်လည်း သစ်တောကဏ္ဍ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် စိုက်ခင်းတည်ထောင်ရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများနှင့် ဆည်များ၏ ရေဝေရေလဲဒေသများရှိ သစ်တောများကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကပင်စတင်၍ စနစ်တကျ စီမံအုပ်ချုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏အဓိကရေဝေရေလဲဒေသကြီးများဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းများနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်း ပဲခူးရိုးမမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများကို နည်းလမ်းမျိုးစုံဖြင့် စွမ်းစွမ်းတမံထိန်းသိမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဒေသများ (ဥပမာ-ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ရေးစီမံကိန်း)တွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ပျက်စီးမှုများကို ပြန်လည်ကုစားရန် သစ်တောများ ပြန်လည်တည်ထောင်ရေး၊ သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝသစ်တောကြီးများကို ခုတ်လှဲရှင်းလင်း၍ ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများတည်ထောင်ခဲ့သော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ယခုအခါ ရာသီဥတုပြောင်းလဲမှုလျော့ကျစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံတွင် ဆီအုန်းစိုက်ခင်းကုမ္ပဏီများနှင့် ဆီအုန်းစက်မှုလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထင်ရှားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများမှာ ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းခြင်း၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်သစ်တောများကိုထိန်းသိမ်းခြင်း၊ မြေဆီလွှာသိပ်သည်းစေသည့်လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ခြင်း၊မြေဆီလွှာထိန်းသိမ်းခြင်း၊ အင်းဆက်ပိုးမွှားများအား ပေါင်းစပ်နည်းစနစ်များဖြင့် ကာကွယ်တားဆီးခြင်း၊ ထုတ်ကုန်အလေအလွင့်ပစ္စည်းများစီမံခန့်ခွဲခြင်း၊ ကျေးလက်ဒေသနေပြည်သူများနှင့်အလုပ်သမားများ၏ စားဝတ်နေရေး၊လူနေမှုဘဝမြင့်မားရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့မိုးသစ်တောများ၊ မုတ်သုံတောများသည် ယနေ့အချိန်အခါတွင် သိသာစွာလျော့ပါးလာလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တနင်္သာရီတိုင်းဒေသကြီးတွင်သာ အများဆုံးပေါက်ရောက်သည့် အပူပိုင်းမုတ်သုံသစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများ အလွန်ကြွယ်ဝပြီး ပတ်ဝန်းကျင်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသောကြောင့် ထိန်းသိမ်းကာကွယ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် သဘာဝသစ်တောများထူထပ်သည့် နေရာများကို ကာကွယ်ထိန်းသိမ်းကြပြီး သစ်တောများ ပြုန်းတီးပျက်စီးနေသော မြေနေရာများတွင်သာ ဆီအုန်းနှင့် ရော်ဘာကဲ့သို့ စက်မှုစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများထူထောင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ရေရှည်အကျိုးကျေးဇူးများကို မျှော်မှန်း၍ ချင့်ချင့်ချိန်ချိန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ သစ်တောများပြုန်းတီးပျက်စီးမှုဆိုင်ရာ ခါးသီးသော အတွေ့အကြုံကို သင်ခန်းစာယူပြီး ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကို သဟဇာတမျှတအောင် ဘက်စုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သဘာဝသယံဇာတများကိုသာ အသုံးပြု၍ မိရိုးဖလာလုပ်ရိုးလုပ်စဉ်များဖြင့် အလျားလိုက်ဖွံ့ဖြိုးတိုးတက်စေခြင်း(Horizontal Development) ထက် နည်းပညာများနှင့် သယံဇာတကို မျှတအောင်အသုံးပြု၍ ဒေါင်လိုက် ဖွံ့ဖြိုးတိုးတက်စေရန် (Vertical Development) ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**သစ်တစ်ပင်၏တန်ဖိုး**

"ဥတုရာသီ၊ တောကိုမှီ"ဟု ဆိုစကားရှိပါသည်။ ရာသီဥတုကောင်းမွန် မျှတရေးသည် သစ်ပင်သစ်တောများပေါ်တွင်သာ မှီတည်နေပါသည်။ သစ်ပင်သစ်တောများ ရှိပါမှ ရာသီဥတုကောင်းမွန်မျှတမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်များပြားလာကာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်မှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သစ်တစ်ပင်၏တန်ဖိုး တစ်နည်းအားဖြင့် တောတစ်တော၏တန်ဖိုးမှာ မမျှော်မှန်းနိုင်လောက်အောင် တန်ဖိုးကြီးမားလှသည်။ "နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်"ဟု ဆိုသည့်အတိုင်း နွယ်ပင်၊ မြက်ပင်မှအစ သူ့နေရာနှင့်သူ တန်ဖိုးအသီးသီးရှိပါသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်၊ တောတစ်တော၏ တန်ဖိုးအစစ်အမှန်ကို ထိုးထွင်းသိမြင်နိုင်၍ "နှိုင်းနှိုင်းချိန်ချိန်၊ သုခမိန်"ဆိုသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို မျှတစွာ ချင့်ချိန်ဆောင်ရွက်နိုင်ကြပါရန် "သစ်တစ်ပင်၏ တန်ဖိုး"ကို မီးမောင်းထိုး တင်ပြလိုက်ရပါသည်။ ။

# စကားဝါမြေကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ်နှင့် ဝန်းကျင်ဒေသများတွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များကို ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းဇယားများကို တိကျမှန်ကန်စွာပြုစုပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တာဝန်ယူထားသည့် အစုအဖွဲ့အလိုက် တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများ၏ ထောက်ခံအားပေးမှု၊ အားကိုးယုံကြည်မှုတိုးပွားလာစေရန် ဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အမှန်တကယ် ဆင်းရဲနွမ်းပါးသူများထံသို့ ချေးငွေရရှိစေမည့် လက်တွေ့ကျသောလုပ်ငန်းများကို စိတ်ရင်းစေတနာ အမှန်ဖြင့် ဦးတည်ပြီး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် အစည်းအဝေးခန်းမ၌ကျင်းပသော စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အင်တိုင်းအရှေ့ကျေးရွာ၌ စကားဝါမြေ ဖောင်ဒေးရှင်းက ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိစေရေး ရည်ရွယ်ချက်ဖြင့် လှူဒါန်းခဲ့သည့် အဝီစိတွင်း ရေထွက်ရှိမှုကိုလည်းကောင်း၊ ပုပ္ပားကျေးရွာတွင် အဝီစိတွင်းတူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငါးရံကုန်းကျေးရွာ၌ စကားဝါမြေ ဖောင်ဒေးရှင်းက ကျေးလက်ဒေသမီးလင်းရေးအတွက် 30 KVA (Diesel Engine) မီးစက် လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး 30 KVA မီးစက်၊ မီးလုံး အလုံး ၅၀ နှင့် မီးကြိုးခွေတို့ကို ပေးအပ်လှူဒါန်းကာ ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးရေးလမ်းဖြစ်သည့် မြောင်းရှည် - ဆုံကုန်း - နတ်ကန်လည် လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

**သွားလာရောင်းဝယ်**

အဆိုပါ မြောင်းရှည် - ဆုံကုန်း - နတ်ကန်လည် လမ်းပိုင်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ခဲ့ပြီး လမ်းပိုင်းအရှည်မှာ ရှစ်မိုင်ရှိသည်။ ယင်းလမ်းပိုင်းပြီးစီးခဲ့သဖြင့် ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းရှိ မြောင်းရှည်-ဆုံကုန်း - နတ်ကန်လည် ကျေးရွာများမှ ဒေသခံပြည်သူများသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့် မန္တလေးမြို့များသို့ လွယ်ကူချောမွေ့စွာ သွားလာရောင်းဝယ်နိုင်ကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပေးအပ်လှူဒါန်း

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ငါးရံကုန်းကျေးရွာ၌ စကားဝါမြေဖောင်ဒေးရှင်းက လှူဒါန်းသော ကျေးလက်ဒေသမီးလင်းရေးအတွက် 30 KVA(Diesel Engine) မီးစက် ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# သစ်တောတက္ကသိုလ် ဘွဲ့ကြိုပထမနှစ်ရေးဖြေစာမေးပွဲ အောင်စာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၁၁ ခုနှစ် သြဂုတ်လအတွင်း ပြင်ဦးလွင်၊ နေပြည်တော်နှင့် မော်ဘီစာစစ်ဌာနတို့၌ ကျင်းပခဲ့သော သစ်တောတက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘွဲ့ကြိုပထမနှစ် ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် ကျောင်းသား ၁၄၀၊ ကျောင်းသူ ၂၆ ဦး စုစုပေါင်း ၁၆၆ ဦး အောင်မြင်ခဲ့ကြောင်း၊ အောင်မြင်သူများစာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများ၊ သက်ဆိုင်ရာစာစစ်ဌာနများနှင့် သစ်တောတက္ကသိုလ် မော်ကွန်းထိန်းရုံး ဖုန်း-၀၆၇-၄၁၆၅၄၇ နှင့် ၀၆၇-၄၁၆၅၁၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် အောက်တိုဘာ ၃၀ ရက်တွင် လူတွေ့စစ်ဆေးခြင်း ခံယူရန်အတွက် သစ်တောတက္ကသိုလ်သို့ အောက်တိုဘာ ၂၈ ရက်အရောက် သတင်းပေးပို့ကြရန်နှင့် လူတွေ့အစစ်ဆေးခံရန် လာရောက်ချိန်တွင် ဝင်ခွင့်ဖြေဆိုခွင့် ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်းမိတ္တူ (မတင်ပြရသေးသူများ မပျက်မကွက်တင်ပြရမည်)၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး (သို့မဟုတ်) မြို့နယ်ဆေးရုံမှ မျက်စိအရောင်ခွဲခြားခြင်းအပါအဝင် ကျန်းမာရေး စစ်ဆေးချက်မှုရင်းတို့ကို တစ်ပါတည်း တင်ပြကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေတိုက်စားမှုကြောင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတားပျက်စီး

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ထားသည့် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၀/၃)နှင့် (၀/၆)ကြား တံတား အမှတ်(၂/၁) အရှည် ၉၄၂ ပေ ကွန်ကရစ်တံတားအမျိုးအစား ရွှေချောင်းတံတားသည် အောက်တိုဘာ ၁၉ ရက်တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေတိုက်စားမှုကြောင့် အောက်တိုဘာ ၂၀ ရက် နံနက် ၆ နာရီခွဲတွင် အရှည် ၃၁ ပေ၊ ခန်းဖွင့် ၈ ခန်းနှင့် အရှည် ၁၀၅ ပေ၊ ခန်းဖွင့် (၁)ခန်းတို့မှာ ရေထဲမျောပါ ပျက်စီးသွားခဲ့သည်။**(ဝဲပုံ)**

အဆိုပါတံတား ပျက်စီးမှုများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးက ကြီးကြပ်၍ ပခုက္ကူခရိုင် အင်ဂျင်နီယာမှူးနှင့်အဖွဲ့မှ လုပ်သားဝန်ထမ်းများဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပဲခူးရိုးမတောင်ခြေအနီး ယာမြေကွက်အတွင်းမှ မြေသားပြောင်းလဲမှု ဖြစ်ပေါ်

**တောင်တွင်းကြီး အောက်တိုဘာ ၂၃**

တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာ၏အရှေ့ဘက် ပဲခူးရိုးမတောင်ခြေအနီး တောင်သူတစ်ဦး၏ ယာမြေကွက်အတွင်း မြေသားပြောင်းလဲမှုဖြစ်ပေါ်လာကြောင်း သတင်းရရှိသဖြင့် အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းလေ့လာခဲ့ရာ တောင်တွင်းကြီးမြို့ အရှေ့ဘက် ၁၈ မိုင်ခန့်၊ ငမင်ကျေးရွာ၏အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ ငမင်သစ်တောကြိုးဝိုင်းအတွင်း မောင်တောအရပ်ရှိ တောင်သူဦးမြစိန်၏ ယာမြေကွက်အတွင်းမှ မြေလွှာမြင့်တက်ပြီး ကုန်းကမူအဖြစ် ထွက်ပေါ်နေကြောင်း သိရသည်။

အဆိုပါယာမြေကွက်အတွင်းမှ မြေလွှာသည် အောက်တိုဘာ ၇ ရက် ည ၁၂ နာရီခန့်မှ အောက်တိုဘာ ၈ ရက် နံနက် ၅ နာရီခန့်အတွင်း မြင့်မောက်လာခြင်းဖြစ်ပြီး အကျယ်ပေ ၁၀၀၊ အရှည်ပေ ၅၀၀၊ အမြင့် ပေ ၃၀ ခန့် အထိ မြေပြင်အညီမှ မြင့်တက်ခဲ့ကြောင်းသိရသည်။

(၅၈၀)



**(ယာပုံ)**



# တန်ပိုယာဉ်ကြီး ဖြတ်သန်းမောင်းနှင်မှုကြောင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ဝက်ခုတ်တံတား ကျိုးကျပျက်စီး

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ထားသည့် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၄၂၄/၄)နှင့် (၄၂၄/၅)ကြားရှိ အရှည်ပေ ၃၀၀ ဘေလီတံတား (တောင်ယမားချောင်း) ဝက်ခုတ်တံတားပေါ်မှ အောက်တိုဘာ ၁၁ ရက် ည ၈ နာရီခွဲခန့်၌ ယာဉ်မောင်းဌေးလွင်ဦး မောင်းနှင်သော ဆီသယ်ယာဉ် ၁၂ ဘီး တန်ပိုယာဉ်ကြီး ဖြတ်သန်းမှုကြောင့် ရေလယ်တိုင် P2 နှင့် P3ကြား ဘေလီသံပေါင် ပေ ၆၀ အခန်းရှိ သံပေါင်များ လိမ်ကောက်သွားပြီး ကြမ်းခင်းကျိုးပဲ့ပျက်စီးခဲ့ကြောင်းသိရှိရသည်။**(အောက်ပုံ)**

အဆိုပါ ပျက်စီးသွားသည့် တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပခုက္ကူခရိုင်က ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ရေဘေးသင့်ပြည်သူများအား ဆေးဝါးနှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ပေါက်နှင့် ရေပြာဒေသတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဒေသရှိ ရေဘေးသင့်ပြည်သူများထံသို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ ကိုယ်တိုင်သွားရောက်ခဲ့ကြပြီး လိုအပ်လျက်ရှိသည့် စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကို လက်ရောက်ထောက်ပံ့ကူညီလှူဒါန်းမှုပြုခဲ့ရာ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဆန်အိတ် ၁၈၀၊ ဘီစကွတ်မုန့်အထုပ်ကြီး ၁၀၀၀၊ မာမီးခေါက်ဆွဲခြောက်ထုပ် ၃၃၃၀၀၊ ရေသန့် (၁ လီတာ) ဘူး ၆၃၀၀၊ ဓာတ်ဆား ထုပ် ၁၀၀၀၀၊ ချည်စောင် ၁၈၅၉ ထည်နှင့် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် ၁၆၀၂၈၅၀၀ တန်ဖိုးရှိပစ္စည်းများနှင့် ငွေများကို ထောက်ပံ့ကူညီလှူဒါန်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။(ကြေးမုံ)

# ရိုးရာဝါးမီးပုံးရက်လုပ်မှုများ တိမ်ကောမသွားရန် ထိန်းသိမ်းဖို့ လိုအပ်နေ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရိုးရာဝါးမီးပုံး ရက်လုပ်မှုများမှာ တိမ်ကောပျောက်ကွယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခြင်းကြောင့် ထိန်းသိမ်းသွားရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကဆိုရင် ဒီဗားကရာချောက်တစ်ကြောမှာ ရက်လုပ်တဲ့သူတွေအပြည့်ပဲ။ အခုတော့သိပ်မရှိတော့ဘူး။ မိသားစုအလိုက်လုပ်တဲ့ တစ်ဦးစနှစ်ဦးစလောက်ပဲရှိတော့တယ်"ဟု ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အတွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဝါးမီးပုံးပြုလုပ်မှုတွင် ယခင်က ပြည်တွင်း၌တွင်ကျယ်ကာ ဈေးကွက်နေရာရခဲ့သော်လည်း ယခုနောက်ပိုင်း နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်သွင်းလာသည့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သော ရောင်စုံစက္ကူမီးပုံးများမှာ ဈေးချိုချိုဖြင့် ဈေးကွက်နေရာရလာကြောင်း၊ ပြည်တွင်းမှလုပ်သော ရိုးရာဝါးမီးပုံးများမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်း စသော မီးထွန်းပွဲတော်ကာလတွင်သာ ဝယ်ယူသုံးစွဲမှုရှိပြီး အဆိုပါဈေးကွက်လုလာသော မီးပုံးများနှင့် အရောင်အသွေး၊ ဒီဇိုင်းများယှဉ်ပြိုင်နိုင်မှု အားနည်းလာကာ ရောင်းချရမှုအနေအထား နည်းပါးလာ၍ ယခုနောက်ပိုင်းတွင် တိမ်ကောပျောက်ကွယ်သွားနိုင်သည်အထိ ဖြစ်လာခဲ့ကြောင်း သိရသည်။

"အခုနောက်ပိုင်း သိပ်မရောင်းရတာလည်းပါတယ်။ အမြတ်လည်း ဒီလောက်ရတာမဟုတ်တော့ စိတ်ဝင်စားမှုတွေလည်း နည်းလာတာဖြစ်ပြီး ဒါကိုသိပ်မလုပ်ကိုင်ကြတော့ဘဲ တခြားစီးပွားရေးလုပ်ငန်းတွေကိုပဲ ပြောင်းလဲလုပ်ကိုင်လာတာကြောင့်လည်းဖြစ်ပါတယ်"ဟု ယင်းပုဂ္ဂိုလ်က ဆက်လက်ပြောကြားခဲ့သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် တိမ်ကောပျောက်ကွယ်သွားခြင်း မရှိစေဖို့အတွက် ယခင်ကတည်းက တည်ရှိလာခဲ့သော ရိုးရာလက်မှုပညာလုပ်ငန်း တစ်ခုဖြစ်သော အဆိုပါဝါးမီးပုံးရက်လုပ်ခြင်းလုပ်ငန်းကို ထိန်းသိမ်းသွားရန် လိုအပ်နေခြင်းဖြစ်သည်။

ထက်ခိုင်(စမ်းချောင်း)

# ကားဘရိတ်ပေါက်၍ ဆိုင်ကယ်သယ်ပို့အလုပ်သမား သေဆုံး

**မလှိုင် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက နေပြည်တော်သို့ ယာဉ်မောင်းအောင်ဝင်း (၃၉)နှစ် မောင်းနှင်လာသည့် တောင်သာမန်းခရီးသည်တင် မှန်လုံယာဉ်အမှတ် သ/၁၄၇၅ သည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မိုင်တိုင်အမှတ် (၁၀/၆) ရေချိုချောင်းအဆင်းတွင် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရေချိုချောင်းအတွင်း ဆိုင်ကယ်များအား သယ်ပို့ပေးနေသည့် ဖိုးလပြည့် (၂၆)နှစ်အား ဝင်ရောက်တိုက်မိရာ သပြေပင်ရွာနေ ဖိုးလပြည့်မှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ထို့ကြောင့် ယာဉ်မောင်းအောင်ဝင်းအား မလှိုင်ရဲစခန်းမှ (ပ) ၁၁၉/၂၀၁၁၊ ပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ (ကိုတင်လှိုင်)

# ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲများကျင်းပပြီးစီး၊ ရန်ကုန်ကလပ်အသင်း CCC ဖလားနှင့် ငွေသားဆုရရှိ

နေပြည်တော် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးရှေ့ စုရပ်၌ ကျင်းပသည့် အသက်(၂၀)အောက်နှင့် အလွတ်တန်း အမျိုးသား/အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝေးအားကစားသမားများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။**

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို တာလွှတ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)နေပြည်တော် အားကစားကွင်းသို့ရောက်ရှိပြီး အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)နှင့်(ရန်ကုန်) အမျိုးသမီးဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေကြပုံများကို လည်းကောင်း၊ မီနီမာရသွန်ပြိုင်ပွဲ ပန်းဝင်လာမှုများကို လည်းကောင်း ကြည့်ရှုအားပေးသည်။




ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်တာဝန်ရှိသူများက မီနီမာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နံပါတ်စဉ်(၁၀)အထိ ပန်းဝင်ကြသူများ အားလည်းကောင်း၊ အမျိုးသမီးဘောလုံး ခြေစမ်းပွဲတွင် အနိုင်ရသည့် အား/ကာသိပ္ပံ(မန္တလေး) အသင်းအား လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ကီလိုမီတာ(၂၀) အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၁၀ မျိုးစုံနှင့် (၇)မျိုးစုံပြိုင်ပွဲ ဗိုလ်လုပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား လည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် တောင်ညိုရှိ ငလိုက်ဆည်သို့ ရောက်ရှိပြီး ငလိုက်ဆည်တစ်လျှောက် Optimist ရွက်လှေ သရုပ်ပြစီးနင်းမှုနှင့် ကျင်းပနေသော ရိုးရာလှေပြိုင်ပွဲ တာစုဒိုင်၊ တာဖမ်းဒိုင်နေရာများကို စက်တပ်လှေဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကာ ရိုးရာလှေ (၅)တက်လှော်ပြိုင်ပွဲနှင့် (၆)တက်လှော်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရိုးရာလှေ (၅)တက်လှော်ပြိုင်ပွဲတွင် ပထမရ ပုသိမ်ကလပ်အသင်း၊ ဒုတိယရ ပဲခူးကလပ်အသင်းနှင့် တတိယရ ရန်ကုန်ကလပ်အသင်းတို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ရိုးရာလှေ (၆)တက်လှော်ပြိုင်ပွဲတွင် ပထမရ ပဲခူးကလပ်အသင်း၊ ဒုတိယရ ဟားခါးကလပ်အသင်းနှင့် တတိယရ ရန်ကုန်ကလပ်အသင်းတို့အားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကန်သာဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲ ပိတ်ပွဲနှင့် Champion Challenge Cup ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူများက အားကစားနည်းအလိုက် အထူးချွန်ဆုံးနည်းပြဆုရရှိသူ ၁၀ ဦးအားလည်းကောင်း၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသာဌေးက အကောင်းဆုံးနည်းပြဆရာဆုရရှိသူ နှစ်ဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အကောင်းဆုံး အမျိုးသားအုပ်ချုပ်သူနှင့် အမျိုးသမီး အုပ်ချုပ်သူတို့အား လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် Champion Challenge Cup ပထမအသုတ်မှ စတုတ္ထအသုတ်အထိ အားကစားနည်း ၁၀ မျိုးတွင် ရွှေတံဆိပ် ၃၀၊ ငွေတံဆိပ် ၁၃ ခုနှင့် ကြေးတံဆိပ် ၁၂ ခု ရရှိခဲ့သော ရန်ကုန်ကလပ်အသင်းအား Champion Challenge Cup နှင့် ငွေသားဆု ငွေကျပ် သိန်း ၃၀ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲဝင်ကလပ်အသင်းများအပေါ် ဆုရွေးချယ်ပုံစနစ်နှင့် ပြိုင်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တက်ညီလက်ညီနှင့် ဇွဲရှိယစိုက်ပြီး ဆက်လက်လုပ်ကိုင်သွားကြရန် တိုက်တွန်းမှာကြားကာ Champion Challenge Cup Tournament ပြိုင်ပွဲကို ပိတ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် Mount Pleasant Hotel အနီး၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် Mountain Bike Cross Country, Down Hill နှင့် B.M.X စက်ဘီးပြိုင်လမ်းများ ဖောက်လုပ်နေမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကရင်ပြည်နယ် မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၁ ခုနှစ် ကရင်ပြည်နယ် ဘားအံမြို့ မိုးရာသီ Challenge Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲတွင် သံလွင် F.C အသင်းက ပစ်တိုင်းထောင် F.C အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပထမဆုရ သံလွင် F.C အသင်းအား ရွှေဆွဲပြားဆု၊ ဆုငွေကျပ်သုံးသိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရ ပစ်တိုင်းထောင် F.Cအသင်းအား ငွေဆွဲပြားဆုနှင့် ဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ အသန့်ရှင်းဆုံးဆုရ မုဒိတာ F.C အသင်းအား ဆုဖလားနှင့်ဆုငွေ ကျပ်တစ်သိန်းကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဗိုလ်လုပွဲတွင်အကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံးဆု ရရှိကြသူများအား သတ်မှတ်ဆုကြေးငွေများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# WTA Championships တင်းနစ်ပြိုင်ပွဲ ပိုလန်သူ ရတ်ဒ်ဝမ်စကာ ပါဝင်ယှဉ်ပြိုင်ခွင့်ရ

အစ္စတန်ဘူလ် အောက်တိုဘာ ၂၃

**၂၀၁၁ ခုနှစ်၏ ရာသီပိတ် WTA Championships တင်းနစ်ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၅ ရက် (အင်္ဂါနေ့)တွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ စတင်ကျင်းပတော့မည် ဖြစ်သည်။**

အစ္စတန်ဘူလ်မြို့ရှိ ဆီနမ်အာဒင်ကွင်း၌ ကျင်းပမည့် ဤပြိုင်ပွဲမှာ ၂၀၁၁ ခုနှစ်၏ တင်းနစ်ရာသီပိတ်ပြိုင်ပွဲ ဖြစ်သကဲ့သို့ ကမ္ဘာ့အကောင်းဆုံးတင်းနစ်မယ် ရှစ်ဦး၏ ချန်ပီယံရွေးချယ်ပွဲကြီးလည်း ဖြစ်သည်။

ဤပြိုင်ပွဲသို့ တင်းနစ်မယ် ခုနစ်ဦးမှာ အစောပိုင်းကပင် ဝင်ခွင့်ရရှိထားပြီးဖြစ်သော်လည်း ပိုလန်သူ ရတ်ဒ်ဝမ်စကာမှာမူ အောက်တိုဘာ ၂၁ ရက်ကမှ ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် မာရီယာရှာရာပိုဗာမှာ ၂၀၀၄ ခုနှစ်က ချန်ပီယံတစ်ကြိမ် ဖြစ်ထားသည်။ ဤရာသီပိတ်တင်းနစ်ပြိုင်ပွဲ ပြီးဆုံးပါက အမျိုးသမီးတင်းနစ်မယ်များ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း အပြောင်းအလဲ ရှိလာမည်ဖြစ်သည်။

***အင်တာနက်။***




## ဟန်သစ်

| ပရီမီယာလိဂ် ပွဲစဉ်(၉) ရလဒ်များ | | |
|---|---|---|
| အာဆင်နယ် | ၃ - ၁ | စတုတ်စီးတီး |
| ဖူလ်ဟမ် | ၁ - ၃ | အဲဗာတန် |
| မန်ယူ | ၁ - ၆ | မန်စီးတီး |
| ဘလက်ဘန်း | ၁ - ၂ | စပါး |
| ကျူပီအာ | ၁ - ၀ | ချယ်လ်ဆီး |

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဖလား ၂၆ မြို့နယ် အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို အောက်တိုဘာ ၂၂ ရက်တွင် ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ကျင်းပရာ ဟင်္သာတဇုန် (၁)အသင်းက ဖျာပုံဇုန်(၂)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မအူပင်ဇုန် (၁)အသင်းက မြောင်းမြဇုန် (၂) အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများကို အောက်တိုဘာ (၂၃)ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ရာ ဟင်္သာတဇုန် (၂)အသင်းနှင့် မအူပင်ဇုန်(၂)အသင်းတို့သည်လည်းကောင်း၊ ဖျာပုံဇုန်(၁)အသင်းနှင့် မြောင်းမြဇုန်(၁)အသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သတ္တမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

| ဟောကြားမည့်ဆရာတော်များ | ဟောကြားမည့်နေ့ရက် |
|---|---|
| နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ (ဝဋံသကာ) (ပါဠိသိရောမဏိ) ဗန်းမော်ဆရာတော် ဒေါက်တာ အရှင်ကုမာရာဘိဝံသ (D.Litt) | ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၄-၁၀-၂၀၁၁ (တနင်္လာနေ့) ည (၇း၃၀) နာရီ |
| ဓမ္မကထိက ဗဟုဇနဟိတရေး၊ ဓမ္မာစရိယ ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ | ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ၂၅-၁၀-၂၀၁၁ (အင်္ဂါနေ့) ည (၇း၃၀) နာရီ |
| ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ | ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လကွယ် ၂၆-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့) ည (၇း၃၀) နာရီ |
| တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အရှင် သိရိန္ဒာဘိဝံသ (ယောဆရာတော်) | ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ ၂၇-၁၀-၂၀၁၁ (ကြာသပတေးနေ့) ည (၇း၃၀) နာရီ |

# ချမ်းအေးဓမ္မစာပေပညာရှင်ကြီးများ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ချမ်းအေးဆရာတော် ဘဒ္ဒန္တ နာဂသေနာဘိဝံသ၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသော ဓမ္မစာပေပညာရှင်ကြီးများ ပူဇော်ပွဲကို ယခုနှစ် (၁၅)ကြိမ်မြောက် အဖြစ် နိုဝင်ဘာ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းထိပ် ရွှေကျင်နိကာယသာသနာလက်ာရ မဟာဓမ္မဗိမာန်တော်ကြီး၌ နံနက် ၉ နာရီမှစတင် ကျင်းပမည်ဖြစ်ရာ ချစ်ဦးညို ဖုန်း-၀၁-၂၉၉၇၇၃၊ ၀၉-၄၃၀၄၂၇၄၆၊ မောင်ရင့်ကျူး (မြောင်းမြ) ဖုန်း-၀၁-၆၆၁၅၇၄၊ ၀၉-၅၁၄၈၄၈၉၊ သူရဇော် ဖုန်း-၀၁-၅၈၀၄၃၈၊ ဦးကြိုင်မြင့် ဖုန်း-၀၉-၈၇၀၂၂၆၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၂၃**

အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက ဗီယက်နမ်အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာအသင်းမှာ ပထမပိုင်းတွင် ဂိုးစတင်သွင်းခံခဲ့ရသော်လည်း သန်းသန်းထွေးက ဒုတိယပိုင်းတွင် ချေပဂိုး ပြန်သွင်းကာ နော်အားလိုဝါးဖောက အနိုင်ဂိုးသွင်းယူခဲ့သည်။

ဗိုလ်လုပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

# ပြည်သူ့ထံမှ ပေးစာများ

## ပိတောက်လမ်းမှ ယမကာဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ပိတောက်လမ်းမကြီးပေါ်ရှိ ဘုန်းကြီးကျောင်းရှေ့တွင် အရက်ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ မူးယစ်သောက်စားပြီး ဆဲဆိုဆူညံသံများကြောင့် ရဟန်းရှင်လူ ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊လမ်းသားများ**

## သံထည်များထုရိုက်သံ ပတ်ဝန်းကျင်ထိခိုက်

**စာတည်းရှင့်-**

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီး လမ်း (၁၂၀) ထိပ်နှင့် (၁၁၉) လမ်းထိပ်တွင်ရှိသော ကားဘော်ဒီရုံနှင့် သွပ်ရေတိုင်ကီ လုပ်ငန်းများမှာ အချိန်ကန့်သတ်ချက်မရှိဘဲ နေ့ညမပြတ် သံထည်များအား နားမခံသာအောင် ထုရိုက်နေရာ ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုများနှင့် ကျောင်းသား၊ ကျောင်းသူများ စာကျက်၍မရခြင်းနှင့် အိပ်ချိန်တွင်မအိပ်ရခြင်းတို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံသာသူ**

## သောက်စားမူးယစ်သူများကြောင့် လမ်းသွား လမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီး၏ မျက်နှာစာ သံသုမာလမ်းမကြီး (၇)ရပ်ကွက်အခြမ်းတွင် အရက်ရောင်းချသောဆိုင်များသည် ဘုရားမျက်နှာစာနှင့် လုံးဝအပ်စပ်မှုမရှိခြင်း၊ သောက်စားမူးယစ်ရမ်းကားခြင်း၊ အော်ဟစ်ဆူညံရန်ဖြစ်ခြင်းတို့ကြောင့် ကျောင်းသွား၊ ကျောင်းပြန်၊ ရုံးတက်၊ ရုံးဆင်းနှင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်နေပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကလာသား**

# ကားတင်သွင်းမှု ပထမအသုတ်ကားများ နိုင်ငံခြားသင်္ဘောကြီးများဖြင့် ဝင်ရောက်လာတော့မည်

## ကားများ အချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာထုတ်ပေးနိုင်ရေး ဌာနအလိုက် ကြိုတင်ညှိနှိုင်းထား

ရန်ကုန် အောက်တိုဘာ ၂၃

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားသင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၃ စင်းရှိပြီး ရန်ကုန်ဆိပ်ကမ်းဒေသ၌ ၁၇ စင်းနှင့် သီလဝါဆိပ်ကမ်းဒေသ၌ ၆ စင်း ရှိသည်။ နိုင်ငံခြားမှဝင်ရောက်လာသော ရေယာဉ်ကြီးများဖြင့် ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အထွေထွေကုန်ပစ္စည်း ကိုင်တွယ်မှုများ တန်ချိန် ၁၇ သန်းကျော်ရှိပြီး ကုန်သေတ္တာစုစုပေါင်း ၃၃၀၀၀၀ TEU ခန့်ကို ကိုင်တွယ်ခဲ့သည်။ သင်္ဘောဆိုက်ကပ်မှုအနေဖြင့် သင်္ဘောစင်းရေ ၁၇၀၀ စင်းကျော် ဆိုက်ကပ်၍ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။**

ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေအရ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ကိုင်တွယ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုးချဲ့ဆောင်ရွက်နိုင်ရန် တစ်ကွက်လျှင် အလျားမီတာ ၂၀၀၊ အနံမီတာ ၇၅၀ ရှိသော ဆိပ်ကမ်းအကွက် ၃၇ ကွက် ဖော်ထုတ်ခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် MYANMAR INTERNATIONAL TERMINALS THILAWA (MITT) မှ ငါးကွက်၊ MYANMAR INTEGRATED PORT LIMITED (MIPL) မှ တစ်ကွက် ရင်းနှီးမြှုပ်နှံပြီး ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ လေးကွက်တွင် သင်္ဘောဖြတ်လွန်းကျင်းအတွက် တည်ဆောက်ပြီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်ဆဲဆိပ်ကမ်းများအနေဖြင့် SINMADEV INTERNATIONAL PTE LTD မှ နှစ်ကွက်၊ စီးပွားရေးဦးပိုင်လီမိတက်မှ နှစ်ကွက်နှင့် စက်သုံးဆီ တင်/ချ ဆိပ်ခံတံတားများ တည်ဆောက်ခြင်းတို့ကို တိုင်းရင်းသားပိုင်ကုမ္ပဏီ ၁၉ ခုကို ခွင့်ပြုလျက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နန်းသီတာဆိပ်ကမ်းမှ သမီးလှရေယာဉ်ဖြင့် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောကြီးများဝင်ရောက်ဆိုက်ကပ်မှု၊ ကုန်ကိုင်တွယ်နိုင်မှုနှင့် ဝင်ငွေရရှိမှု ရန်ကုန်ဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# နိုင်ငံအတွင်း နိုင်ငံခြားသားများ တရားဝင် ဝင်ထွက်သွားလာမှုများကို အဟန့်အတားမဖြစ်စေဘဲ လုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ပိုမိုလွယ်ကူလျင်မြန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၃

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်အတွင်းရှိ ပြည်ပဆိုက်ရောက်နေရာ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများ တိုးချဲ့ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်မည့် အခြေအနေများကို လည်းကောင်း၊ ဝန်ထမ်းများက ပြည်ပမှ ဝင်ရောက်လာသည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ လေဆိပ်အတွင်းရှိ ပြည်ပထွက်ခွာနေရာ၌ ဌာနဆိုင်ရာဝန်ထမ်းများက ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များအား လိုအပ်သည်များ စစ်ဆေးဆောင်ရွက်ပေးနေမှုနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာ၌ ဝန်ထမ်းများ **စာမျက်နှာ ၉ ကော်လံ ၅ သို့**

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်နေရာ၌ ပြည်ပမှဝင်ရောက်လာသည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ယနေ့သတင်းအညွှန်း


**ယခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန် မြန်မာပေါ်ဆန်း ဆွတ်ခူး**

"မြန်မာ့ပုလဲဆန်ဟု ထင်ရှားသော ပေါ်ဆန်းဆန်သည် ထိုင်းနိုင်ငံ၏ နာမည်ကြီး **Jasmine Rice** ထက် သုညဒသမ ၂၅ မှတ်အသာ ၁၄ မှတ်ဖြင့် ပထမဆွတ်ခူး"

ပြည်တွင်းသတင်း စာမျက်နှာ - ၅

**၇ ဒသမ ၂ ပြင်းအားရှိ တူရကီငလျင်ကြောင့် လူထောင်ကျော် သေဆုံးဖွယ်ရှိ**

"ဗင်းမြို့မြောက်ဘက် ကီလိုမီတာ ၂၀ အကွာ တာဘန်လီ ကျေးရွာကို ဗဟိုပြုပြီး မြေအောက်အနက် သုံးမိုင်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်"

နိုင်ငံတကာသတင်း စာမျက်နှာ - ၉

**WTA Championships ပြိုင်ပွဲ ပိုလန်တင်းနစ်မယ် ရတ်ဒ်ဝမ်စကာ ယှဉ်ပြိုင်ခွင့်ရပြီး ကမ္ဘာ့အကောင်းဆုံး တင်းနစ်မယ် ရှစ်ဦး၏ ချန်ပီယံလုပွဲလည်းဖြစ်**

အားကစားသတင်း စာမျက်နှာ - ၁၀